# မြန်မာနိုင်ငံအတွင်းရှိ ကျူးကျော်နေထိုင်မှု

## လက်ရှိအခြေအနေများနှင့် မဟာဗျူဟာအသစ်များ

Green Lotus (NGO) မှ တင်ဆက်သည်

ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(AFD) မှ ထောက်ခံပံ့ပိုးသည်

Green Lotus (NGO)သည် ရန်ကုန်မြို့ရှိ မြို့ပြနေဆင်းရဲနွမ်းပါးသူများအား အားသစ်လောင်းကာ ကျူးကျော်နေ ထိုင်မှုအား အဆင့်မြှင့်တင်ပေးရန်နည်းလမ်းများနှင့်လုပ်ရပ်များကို ရှာဖွေလျက် ကနဦးစီမံကိန်းတစ်ခုအား ဦးဆောင်လျက်ရှိပါသည်။ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(AFD) မှထောက်ပံ့ပေးပြီး နိုင်ငံတကာ INGO ဖြစ်သည့် Action Aid နှင့် ပူးပေါင်းကာ ကျွန်ုပ်တို့သည် နေထိုင်မှုဆိုင်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ၊ ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာနှင့် ကျားမတန်းတူအခွင့်အရေးတို့နှင့် စပ်လျဉ်း၍ ဒဂုံဆိပ်ကမ်းရှိ လူပေါင်း (၂၀၀၀၀) ကျော်အား အားသစ်လောင်းခဲ့ကြပါသည်။ ကျွန်ုပ်တို့ Green Lotus မှ ရရှိလာသော အတွေ့အကြုံ များနှင့် ကျူးကျော်နေထိုင်သူများနှင့်စပ်လျဉ်း၍ နောင်တွင် အောင်မြင်သောပေါင်းစည်းရေးများ ရရှိနိုင်ရန် အတွက် ဆောင်ရွက်သင့်သည့်အကြံပြုချက်များအား ဝေမျှလိုပါသည်။

## အရေးကြီးကောက်နုတ်ချက်များ

မြန်မာနိုင်ငံတွင် လူဦးရေ၏ ၃၀% သာလျှင် မြို့ပြတွင် နေထိုင်ကြပြီး အရှေ့တောင်အာရှနိုင်ငံများအနက် မြို့ပြဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော်လည်း ပြည်တွင်းရွှေ့ပြောင်းအခြေချမှုများက မြို့ပြဦးရေတိုးပွားမှုကို မြင့်တက်စေလျက်ရှိပါသည်။ ရန်ကုန်မြို့၏ မြို့ပြနေလူဦးရေသည် ၂၀၄၀[1] တွင် ယခုထက် နှစ်ဆတိုးကာ (၁၀) သန်းခန့်အထိ ဖြစ်သွားနိုင်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာတွင် အိုးအိမ်ပေါင်း ၁.၀၈ သန်းခန့်အထိ လိုအပ်ချက်များ ရှိလာနိုင်သည်ဟု National Housing Policy White Paper (၂၀၁၈) က

[1] World Bank. 2019. Myanmar's Urbanization: Creating Opportunities for All - Executive Summary (English). Washington, D.C. : World Bank Group.

ခန့်မှန်းထားပါသည်။ ရန်ကုန်မြို့ တာဝန်ရှိသူများမှလည်း နောင်နှစ်ပေါင်း (၂၀) အတွင်း လူဦးရေ (၅.၂) သန်းခန့် (တစ်နည်းအားဖြင့်) နှစ်စဉ်အိုးအိမ် (၅၀၀၀၀)[2] ခန့်ကို အခြေချနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ရန် လိုအပ်နေကြောင်းကို အသိအမှတ်ပြုထားပါသည်။ သို့သော်လည်း ပြည်သူများ အမှန်တကယ်တတ်နိုင်မည့် စရိတ်နည်းအိမ်ရာများကို ဖော်ဆောင်နိုင်စွမ်းတွင် လိုအပ်ချက်များရှိနေဆဲပင်ဖြစ်ရာ၊ လက်ရှိအနေအထားများအရဆိုလျှင် နောင်အနာဂါတ်တွင် ကျူးကျော်အခြေချနေထိုင်မှုများ ပိုမိုများပြားလာဖွယ်ရှိသည်။

မြို့ပြရှိ မြို့စွန်မြို့ဖျားနေရာများတွင် နေထိုင်သူများ၏ ၆၀% ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးမှုပြကိန်းအောက်တွင် ရောက်နေကြပါသည်[3]။ ထိခိုက်လွယ်သူများဖြစ်သည့် အမျိုးသမီးများနှင့် လူငယ်များသည် မြို့ပြဘဝ၏ ဆင်းရဲမွဲတေမှုအခက်အခဲအောက် ကျရောက်နိုင်ခြေအများဆုံး ဖြစ်သည်။ ပြည်တွင်းပြောင်းရွှေ့အခြေချနေထိုင်သူများ အနက် (၅၃) ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး၊ (၇၀)ရာခိုင်နှုန်းမှာ အသက်(၃၅) နှစ်အောက်လူငယ်များ ဖြစ်ပါသည်[4]။

ရန်ကုန်မြို့လူဦးရေ၏ ၇% မှ ၁၅% သည် ကျူးကျော်နေထိုင်သူများဖြစ်နိုင်ချေရှိပြီး ၎င်းရာခိုင်နှုန်းသည် တိုးမြင့်လျက်ရှိနေပါသည်။ UN-Habitat[5] အရ လက်ရှိ ရန်ကုန်မြို့တွင် ကျူးကျော်နေထိုင်သူပေါင်း (၄၅၀၀၀၀) ခန့် ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

ကျူးကျော်နေထိုင်ခြင်းများ များပြားလာရခြင်းသည် တွန်းအားနှင့် ဆွဲအားနှစ်ရပ်လုံး၏ ရလဒ်ဖြစ်ပါသည်။ ဆွဲအားအချက်များကို စရိတ်နည်းအိုးအိမ်များမရှိခြင်း၊ မြို့ပြအုပ်ချုပ်ရေးအားနည်းခြင်းနှင့် မြို့ပြစီမံမှုများ အားနည်းခြင်းတို့အဖြစ် အလွယ်တကူတွေ့နိုင်ပါသည်။ ဆွဲအားအချက်များဖြစ်သည့် ပြောင်းရွှေ့အခြေချနေထိုင်ခြင်းများတွင် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု၊ စိုက်ပျိုးရေးစနစ်အပြောင်းအလဲများ၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၊ 'ခေတ်မှီ'လိုမှုများနှင့် အသေးစားအလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်သည်။

ကျူးကျော်နေထိုင်သူများ၏ အဓိကပြဿနာများမှာ ဖယ်ရှားခံရမည်ကိုပူပန်ရခြင်း၊ တရားဝင်စာရွက်စာတမ်းများ မရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများမရှိခြင်း၊ ရေသန့်အခက်အခဲ၊ ပညာရေးနှင့် ကျန်းမာရေး အခက်အခဲများ၊ လူမှုပတ်ဝန်းကျင်တွင် ခွဲခြားသမုတ်ခံရခြင်းများ၊ အိုးအိမ်နှင့်သန့်ရှင်းရေး နုံခြာသောအခြေအနေများနှင့် ဆွေမျိုး၊ မိသားစုများနှင့် အဆက်အသွယ်နည်းပါးလာခြင်းတို့ ဖြစ်ပါသည်။

ရွှေ့ပြောင်းအခြေချမှုများနှင့် ကျူးကျော်နေထိုင်မှုများကို ကိုင်တွယ်ဖြေရှင်းရန် နည်းဗျူဟာအသစ်များကို အသုံးပြုသင့်ပါသည်။ အခြေချနှင့်သောနေရာဒေသများအား ဆက်လက်အခြေချနိုင်ရန် စီမံပေးခြင်းများနှင့်

[2] SABRIÉ, Marion, 2019, "Yangon 'Emerging Metropolis': Challenges for the Authorities and Resilience of the Yangonites", *Moussons*, 33: 33-64.

3 Helene Maria Kyed. "Informal Settlements and Migrant Challenges in Yangon". Moussons 33, 2019: 65-94.

4 Ibid Helene Maria Kyed. "Informal Settlements and Migrant Challenges in Yangon". Moussons 33, 2019: 65-94.

5 "Mapping of Yangon: the untapped communities, a preliminary study of informal settlements" elaborated by UN-Habitat reported 364,315 people living in informal settlements in 2016.

လိုအပ်သောအဆင့်မြှင့်တင်ခြင်းများပြုလုပ်ပေးခြင်းတို့သည် နေရာဒေသအသစ်များတွင် ပြန်လည်နေရာချပေးခြင်းများထက် ပိုမိုအကျိုးရှိပြီး အကုန်အကျသက်သာသည်ကို တွေ့ရပါသည်။ မူလနေရာများတွင် တတ်နိုင်သမျှ အခြေချပေးခြင်းများကို ဦးစားပေးရွေးချယ်သင့်ပါသည်။ မည်ကဲ့သို့သော နည်းဗျူဟာများဖြစ်စေကာမူ သက်ဆိုင်သူ လူမှုဝန်းကျင်များအား တိုင်ပင်ဆွေးနွေးခြင်းနှင့် ၎င်းတို့၏ ပါဝင်ပူပေါင်းဆောင်ရွက်မှုများသည် အရေးပါလျက်ရှိပြီး ဗျူဟာများစတင်စဉ်းစားသည့်အဆင့်မှ အဆုံးအဖြတ်ချသည်အထိ ပူးပေါင်းဆောင်ရွက်စေသင့်သည်။ ပျောက်ဆုံးသွားသော စာရွက်စာတမ်းများအား အသိအမှတ်ပြုပေးခြင်း၊ မီဒီယာများ၏ ကျူးကျော်နေထိုင်သူများအားအမြင်ကို ပတ်ဝန်းကျင်မလုံခြုံမှုများကိုဖြစ်စေသောသူများအဖြစ်မှ လူမှုဘဝမျိုးစုံ ကျင်လည်သောလူမှုဝန်းကျင်အဖြစ် ပြောင်းလဲစေခြင်းများနှင့် အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ပေး ခြင်းတို့သည် ကျူးကျော်အခြေချနေထိုင်သူများ ကြုံတွေ့နေရသောဒုက္ခများကို ဖြေရှင်းပေးရာတွင် အရှိန်မြှင့်စေလိမ့်မည်။ လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီခြင်းနှင့် အလုပ်အကိုင်အခွင့်များ ဖန်တီးပေးခြင်းတို့က အဓိကပြဿနာများကို ဖြေရှင်းပေးပြီး အခြားသောလူမှုပတ်ဝန်းကျင်များနှင့် ပေါင်းစီးဆက်ဆံရေးကိုလည်း အထောက်အပံ့ပိုးဖြစ်စေလိမ့်မည်။ အရှိန်အဟုတ်မြင့်တက်လာသည့် လူနေမှုအ ဆင့်အတန်းကွာခြားများအနက် မြို့ပြ၏လူမှုဘဝဝန်းကျင် မတူကွဲပြားခြင်းကို အသိအမှတ်ပြုရမည်။ **မြန်မာ နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ဖယ်ရှားခြင်းများထက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းပြည် ၏အနာဂါတ်အတွက် ကြီးမားသောအောင်မြင်မှုတစ်ရပ် ဖြစ်နိုင်ပါသည်။**

## ၁။ မိတ်ဆက်

> **“နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။”**
> ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၈)၊ ၃၅၅

ယခု (၂၁) ရာစုအစောပိုင်းတွင် မြန်မာနိုင်ငံ၏စီးပွားရေးသည် တိုးတက်လျက်ရှိပြီး ၎င်း၏မြို့ကြီးများသည်လည်း တိုးတက်စည်ကားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၃၀% သာလျှင် မြို့ပြတွင် နေထိုင်ကြပြီး အရှေ့တောင်အာရှနိုင်ငံများအနက် မြို့ပြဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော်လည်း ပြည်တွင်းရွှေ့ပြောင်းအခြေချမှုများက မြို့ပြဦးရေတိုးပွားမှုကို မြင့်တက်စေလျက်ရှိပါသည်။ ရန်ကုန်မြို့၏ မြို့ပြနေလူဦးရေသည် ၂၀၄၀ တွင် ယခုထက် နှစ်ဆတိုးကာ (၁၀) သန်းခန့်အထိ ဖြစ်သွားနိုင်ပါသည်(World Bank, 2019)။ တစ်နိုင်ငံလုံးအတိုင်းအတာတွင် အိုးအိမ်ပေါင်း ၁.၀၈ သန်းခန့်အထိ လိုအပ်ချက်များ ရှိလာနိုင်သည်ဟု National Housing Policy White Paper (၂၀၁၈) က ခန့်မှန်းထားပါသည်။ ရန်ကုန်မြို့တာဝန်ရှိသူများမှလည်း နောင်နှစ်ပေါင်း (၂၀) အတွင်း လူဦးရေ (၅.၂) သန်းခန့် (တစ်နည်းအားဖြင့်) နှစ်စဉ် အိုးအိမ် (၅၀၀၀၀) ခန့်ကို[6] အခြေချနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ရန် လိုအပ်နေကြောင်းကို အသိအမှတ်ပြုထားပါသည်။ သို့သော်လည်း ပြည်သူများ အမှန်တကယ်တတ်နိုင်မည့် စရိတ်နည်းအိမ်ရာများကို ဖော်ဆောင်နိုင်စွမ်းတွင် လိုအပ်ချက်များရှိနေဆဲပင်ဖြစ်ရာ၊ လက်ရှိအနေအထားများအရဆိုလျှင် နောင်အနာဂါတ်တွင် ကျူးကျော်အခြေချနေထိုင်မှုများ ပိုမိုများပြားလာဖွယ်ရှိသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းတွင် ဇိမ်ခံကွန်ဒိုအခန်းများသည်[7] လိုအပ်သည်ထက်ကျော်လွန်ကာ အလွန်အမင်းတိုးပွားလျက်ရှိပြီး အချို့သောကွန်ဒိုအခန်းများမှာ အလွတ်ပင်ဖြစ်နေသည့်အချိန်တွင်[8] ဆင်းရဲသော မြို့ပြနေလူတန်းစားများသည် နုံခြာသောနေရပ်များမှလွဲ၍ ရွေးချယ်စရာမရှိကြချေ။ နယ်ကိုစွန့်ခွာကာ မြို့ပြသို့ ပြောင်းရွှေ့ကြသူများနှင့်၂၀၁၁ နှောင်းပိုင်း စီးပွားရေးလွတ်လပ်မှုများနောက်ပိုင်း ရန်ကုန်မြို့လယ်ရှိ တိုက်တာအဆောက်အဦများအား အနိုင်ပိုင်းဝယ်ထုတ်ခြင်းများသည် ရန်ကုန်မြို့အတွင်း နေထိုင်သူလူဦးရေတိုးပွားလာသောအချက်များဖြစ်သည်။ သင့်လျော်သော မြို့ပြလမ်းစဉ်ဖော်ဆောင်မှုမရှိခြင်း[9]နှင့်

---

6 M. Sabrié 2019

7 See Myanmar Times which advertises most of them.

8 See Times City or the Central for obvious example.

9 Maria Kyed 2019. It’s also worth notice that the YCDC planning department was only created in 2016.

စရိတ်သက်သာအိမ်ယာများဆောက်လုပ်မပေးခြင်းတို့က မြို့ပြသို့ပြောင်းရွှေ့အခြေချနေထိုင်သူအသစ်တို့အား ကျူးကျော်အခြေချနေထိုင်မှုများသို့ တွန်းပို့နေပါသည်။

ကျူးကျော်နေထိုင်သူလူဦးရေသည် ရန်ကုန်မြို့လူဦးရေ၏ ၇% မှ ၁၅% အထိ ဖြစ်နေပြီး ထိုရာခိုင်နှုန်းသည် တစ်ဖြည်းဖြည်းချင်း တိုးနေပါသည်။ UN-Habitat ၏ ထုတ်ပြန်ချက်အရ လက်ရှိတွင် ကျူးကျော်အခြေချနေထိုင်သူလူဦးရေသည် ၄၅၀၀၀၀ ခန့်သည်[10] နေရာပေါင်း ၄၂၃ နေရာများတွင်[11] ပြန့်ကျဲလျက်ရှိပါသည်။ ကျေးလက်ဒေသအခက်အခဲများကြောင့် မြို့ပြသို့ပြောင်းရွှေ့လာသူများနှင့် ရာသီဥတုကပ်ဘေးများကြောင့် မြို့ပြ သို့ပြောင်းရွှေ့လာသူလူဦးရေများ များပြားလာခြင်းနှင့်အမှီလိုက်နိုင်ရန် စရိတ်နည်းအိမ်ယာများဖော်ဆောင်မှုများက အားနည်းနေခြင်းက ၎င်းပြောင်းရွှေ့အခြေချသူအသစ်များအား ကျူးကျော်နေထိုင်ခြင်းလမ်းကြောင်းနောက်ကို လိုက်စေသည်ဟု ခန့်မှန်းရပါသည်။ ကမ္ဘာ့ဘဏ်၏ ၂၀၁၀ - ၂၀၁၁ ကိန်းဂဏန်းများအရ ရန်ကုန်မြို့၏ ဆင်းရဲသော လူဦးရေပမာဏသည် စုစုပေါင်းလူဦးရေ၏ ၃၄% ဖြစ်ရာ စီးပွားရေးအချက်အချာကျရာမြို့ဖြစ်သော ရန်ကုန်မြို့အဖို့ ဤပမာဏသည် အံ့သြစရာကောင်းသော်လည်း ဖြစ်နိုင်ချေရှိသောအကြောင်းရင်းမှာ မြို့ပြလူနေမှုစ ရိတ်မြင့်မားလွန်းခြင်းနှင့် ကျေးလက်မှ ပြောင်းရွှေ့ကြသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါး ခြင်းတို့ ဖြစ်သည်”[12]။ ထို့အပြင် ရန်ကုန်မြို့အစွန်အဖျားနေရာများတွင် နေထိုင်ကြသူများ၏ (၆၀) ရာခိုင်နှုန်းသည် ဆင်းရဲမွဲတေမှုကိန်းဂဏန်း၏အောက်တွင် ရောက်နေကြသူများဖြစ်လျက်[13] ဆင်းရဲမွဲတေခြင်းသည် မညီမညာ ပြန့်ကျဲလျက်ရှိသည်ကိုလည်း တွေ့နေရပါသည်။ မြို့ပြသို့အသစ်ပြောင်းရွှေ့လာကြသူများသည် ဆင်းရဲမွဲတေမှုပုံစံအသစ်ကို ကြုံတွေ့နေရပါသည်။ ထိခိုက်လွယ်သူများဖြစ်သည့် အမျိုးသမီးများနှင့်လူငယ်များသည် ဆင်းရဲမှု၏ ဒုက္ခအကျိုးဆက်ကို အများဆုံးခံစားနေရပါသည်။ ၂၀၁၄ တွင် ကောက်ခံခဲ့သော မြန်မာနိုင်ငံ လူဦးရေနှင့်သန်းခေါင်စာရင်းအရ ပြည်တွင်းရွှေ့ပြောင်းအခြေချနေထိုင်သူလူဦးရေ၏ ၅၃% သည် အမျိုးသမီးများ ဖြစ်ကြပြီး ၇၀% သည် အသက် (၃၅) နှစ်အောက်များ ဖြစ်ကြသည်။ တရားဝင်အိုးအိမ်များမတတ်နိုင်သည့် မြို့ပြနေဆင်းရဲသားများသည် ကျူးကျော်နေထိုင်သူများအဖြစ် အသွင်ပြောင်းလာကြသည်ကို တွေ့ရသည်။ ကျူးကျော်နေရာများရှိတဲအိမ်များကို ဆောက်လုပ်ရေးလုပ်ငန်းများမှ စွန့်ပစ်ထားသော ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများ၊ ခေါင်မိုးချပ်များ၊ ပလပ်စတစ်ချပ်ပြားများနှင့် ဝါးဖြင့် ဆောက်လုပ်ထားကြသည်ကို တွေ့နိုင်သည်။ “အများစုသော ကျူးကျော်များသည် တစ်အိမ်လျှင် မိသားစုဦးရေ (၅) ဦးအထက် စုပေါင်းနေထိုင်ကြသည်ကို တွေ့ရပြီး ရန်ကုန်မြို့၏ ပျှမ်းမျှတစ်အိမ်ထောင်ဦးရေသည် (၄.၄) ဦး ဖြစ်သည်။ ကျူးကျော်အိမ်များသည် အများအားဖြင့်

---

10 Data from UN Habitat and YCDC quoted in Dr. Mu Mu Than*, Khin Mar Yee**, Kyi Lint**, May Myat Thu**, Marlar Han**, “The Emergence and Growth of Slums: The Case Study of East Yangon District, Myanmar” International Journal of Scientific and Research Publications, Volume 9, Issue 8, August 2019

11 “Estimates of the numbers of informal settlement residents in Yangon range from 270,000 (JICA and YCDC 2013), 365,000 (UN Habitat 2016), 400,000 (Myint 2017) up to 1 million (Dobermann 2016), and 1.8 million (Ye Mon 2016). Part of the reason that there is such a wide range of estimates may be lack of agreement on what constitutes an “informal settlement””. (E. Forbes; 2019)

12 World Bank 2019

13 Helene Maria Kyed. “Informal Settlements and Migrant Challenges in Yangon”. Moussons 33, 2019: 65-94.

၁၅ ပေ၊ ပေ ၂၀ (ပျမ်းမျှအားဖြင့် ၅.၄ မီတာနှင့် ၇.၂ မီတာ) ရှိပြီး အိမ်များမှာ ရှုပ်ပွ ညစ်ပေနေတတ်ပြီး အမှိုက်များကို အထင်းသားတွေ့နိုင်ကာ အိမ်သာအခက်အခဲများကြောင့် အနံ့အ သက်များလည်း ဆိုးရွားလှသည်" ဟု Eden Forbes က ဆိုပါသည်။[14] အခြားအခက်အခဲများအနေဖြင့် လူမှုဝန်းကျင်တွင် ခွဲခြားဆက်ဆံခံရခြင်းနှင့်အတူ ရေ၊ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပညာရေးများ ရှားပါးခြင်းနှင့် အများအားဖြင့် အရည်အသွေးညံ့ခြင်းတို့ဖြစ်သည်။

ဤလေ့လာချက်များနှင့် အကြံပြုချက်များသည် မြို့ပြဆင်းရဲမှုကိုဖော်ပြကာ ကျူးကျော်အခြေချနေထိုင်မှုများနှင့် စပ်လျဉ်း၍ ပိုမိုမြင်သာလာစေရန်နှင့် ထိုကိစ္စရပ်များအတွက် မူဝါဒအပြောင်းအလဲများကို အကြံပြုသွားရန် ရည်ရွယ်ပါသည်။

စာရင်းအင်းများမရှိသော်လည်း မြန်မာနိုင်ငံတစ်ဝှမ်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များ အနီးအပြားတွင် ကျူးကျော်အခြေချနေထိုင်သူများရှိနေကာ ၎င်းတို့၏ နေထိုင်မှုအခြေအနေ၊ စိန်ခေါ်မှုများနှင့် မည်မျှအတိုင်း အတာထိ ကျယ်ပြန့်သည်ကို ပိုမိုလေ့လာရန်လည်း တွန်းအားပေးနေပါသည်။ ဤလေ့လာချက်၏ နိဂုံး ကောက်နှုတ်ချက်များကို မြန်မာနိုင်ငံတစ်ဝှမ်းရှိ အခြားသော ကျူးကျော်ဒေသများတွင် အသုံးချကောင်း ချနိုင်မည်ဖြစ်သော်လည်း ဤလေ့လာတွေ့ရှိချက်များသည် အများအားဖြင့် ရန်ကုန်မြို့ရှိ အချက်အလက်များ ကိုသာ အခြေခံထားပါသည်။

## ၂။ ကျူးကျော်နေထိုင်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ကျူးကျော်အခြေချနေထိုင်မှုများကို အနက်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုနိုင်သော်လည်း ထိုအနက်အဓိပ္ပာယ်တို့၏ အဓိကကျစံနှုန်းများသည် နေရာပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး လုံခြုံမှုမရှိခြင်းနှင့် ဖယ်ရှားခံရခြင်းကို စိုးရိမ်ပူပန်ရခြင်းတို့ ဖြစ်သည်။ အကယ်စင်စစ် မြေပိုင်ဆိုင်မှုအား တရားခွင်ဆိုင်ရာတွင် ယှဉ်ပြိုင်ရသည်ဖြစ်ရာ မြန်မာနိုင်ငံတွင် မြေထိန်းသိမ်းမှုအားနည်းလျက် မြေပိုင်ဆိုင်မှုများအား သက်သေအထောက်အထားပြရန် အခက်အခဲများရှိနေရာ[15] အများစုသောမြေများအား 'ကျူးကျော်မြေ (စာရင်းမဲ့မြေ)' ဟုပင် ဆိုနိုင်လည်းအချို့သော ပတ်ဝန်းကျင်များသည် အခြားသူများနှင့်ယှဉ်လျှင် ပိုမိုခြိမ်းခြောက်ခံနေရပါသည်။ ဤလေ့လာချက်တွင်ဖော်ပြသော 'ကျူးကျော်အခြေချနေထိုင်မှု' သည် ဖယ်ရှားခံရမည်ကို စိုးရိမ်ပူပန်နေရသော၊ အခြေခံအဆောက်အဦများဖြစ်သည့် ရေ၊ လမ်းနှင့် လျှပ်စစ်မရကြသော ထောင်ပေါင်းများစွာသောသူတို့ကို ရည်ညွှန်းပါသည်။ 'ကျူးကျော်တဲ'ဆိုသည်မှာ မြေနှင့်အိမ်ပိုင်ဆိုင်မှု သက်သေအထောက်အထားမပြနိုင်သောသူများနေထိုင်သော အရပ်၊ မြို့ပြလူနေမှု၏ အခြေခံလိုအပ်ချက်များ လစ်ဟင်းသည့်အနေအထားများတွင်နေထိုင်နေရသူများရှိသော အရပ်နှင့် နုံချာသောအနေအထားများအောက်တွင်နေထိုင်သူများ၊ ဖယ်ရှားခံရမည်ကိုလည်း စိုးရိမ်နေရသူများနေထိုင်သောအရပ်ဒေသဖြစ်သည်ဟု Eden Forbes က ဆိုထားပါသည်[16]။ UN-Habitat မှ

---

14 E. Forbes, 2014, On the Frontier of Urbanization: Informal Settlements in Yangon, *Journal of Burmese Scholarship*.
https://journalofburmesescholarship.org/issues/v1n1/9b-Forbes-en-ill-r2saveas.pdf

15 Maria Kyed 2019 see also SiuSue Mark (2016)

16 Eben Forbes 2019

ကျူးကျော်နေထိုင်သူအိမ်ထောင်စုဆိုသည်မှာ အောက်ပါအချက်များထဲမှ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော အချက်များ လစ်ဟင်းသော မြို့ပြအရပ်တစ်ခုတွင် တစ်ခေါင်မိုးအောက်တွင် စုနေသောလူစုများဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ပါသည်။

၁။ကြမ်းတမ်းသောရာသီဥတုအခြေအနေမှကာကွယ်ပေးနိုင်မည့်အတည်သဘောဆောက်လုပ်ထားသော အိုးအိမ်၊

၂။ အခန်းတစ်ခန်းလျှင် လူသုံးဦးထက်ပို၍ မျှနေရန်မလိုအပ်သည့် လုံလောက်သောအကျယ်အဝန်း၊

၃။ စိတ်ချရသောရေအား လိုအောက်သလောက်ပမာဏအား သင့်လျော်သောပမာဏဖြင့် ရရှိနိုင်မှု၊

၄။ကိုယ်ပိုင်အိမ်သာ(သို့မဟုတ်)သင့်လျော်သောလူပမာဏမျှသုံးသည့်အများသုံးအိမ်သာကဲ့သို့သော သန့်ရှင်းရေး၊

၅။အဓမ္မရွှေ့ပြောင်းခံရခြင်းမှ ကာကွယ်ပေးနိုင်မည့် နေထိုင်ခွင့်စိတ်ချရမှု။

ကျူးကျော်အခြေချနေထိုင်ခြင်း(စာရင်းမဲ့နေထိုင်ခြင်း)အား မြန်မာတွင် ‘ကျူးကျော်’ဟု ခေါ်ဝေါ် ပြီး အမြင်ဆိုးများဖြင့်အမြင်ခံရလေ့ရှိပြီး ဒုစရိုက်မှုများပေါများသောနေရာနှင့် မနှစ်မြို့ဖွယ်ရာဝန်းကျင်များဟု ထင်မြင်ခံရလေ့ရှိပါသည်။ ‘ကျူးကျော်’ဆိုသည့် အသုံးအနှုန်းသည် အရပ်စကားအရ ‘ကျူးကျော်နယ်ချဲ့သူများ’ ကို ရည်ညွှန်းလေ့ရှိပြီး ဗြိတိသျှကိုလိုနီခေတ်တွင် ဗြိတိသျှများအား ‘ကျူးကျော်’သူများဟု ရည်ညွှန်းကြပါသည်။ တရားခွင်ဆိုင်ရာအဆင့်သတ်မှတ်ချက်များကို ကျော်ကြည့်ပါက ‘ကျူးကျော်နေထိုင်ခြင်း (စာရင်းမဲ့နေထိုင်ခြင်း)’ သည် စုပေါင်းခံစားချက်တစ်ခု - ဖယ်ရှားခြင်းကို စိုးရိမ်ရခြင်း ဖြစ်ပါသည်။

ကျူးကျော်နေထိုင်မှုနှင့် ပတ်သက်သော အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် အဆိုးဘက်ယိမ်းယိုင်လင့်ကစား အကယ်စင်စစ် ကျူးကျော်အခြေချနေထိုင်မှုသည် မြန်မာနိုင်ငံ၏ တစ်ဟုန်ထိုးတိုးတက်မှု၏ထုတ်ကုန်တစ်ခု အဖြစ်လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ကျူးကျော်နေထိုင်မှုများသည် နိုင်ငံ၏စီးပွားရေးတိုးတက်မှုအား တွန်းအားပေးနေသည့် စက်ရုံလုပ်ငန်းများ၏ အိမ်ယာဆိုင်ရာအစိတ်အပိုင်းများပင် ဖြစ်ပါသည်။

## ၃။ မြန်မာနိုင်ငံတွင် ကျူးကျော်နေထိုင်မှုပမာဏမြင့်မားလာခြင်း

၂၀၁၄ မြန်မာနိုင်ငံလူဦးရေနှင့် သန်းခေါင်စာရင်းအရ ပြည်တွင်းအခြေချပြောင်းရွှေ့နေထိုင်သူများသည် (၉) သန်းကျော် ရှိနေပြီဖြစ်ပြီး အများစုမှာ အပူပိုင်းဒေသနှင့် ဧရာဝတီဒေသများမှ ပြောင်းရွှေ့လာကြသူများဖြစ်သည်။ အများစုမှာ လက်ရှိတွင် ရန်ကုန်နှင့် မန္တလေးကဲ့သို့သော မြို့ကြီးများသို့ ပြောင်းရွှေ့ကြလေသည်။ ၂၀၀၉ နှင့် ၂၀၁၄ အကြားတွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာသူမှာ ၈ သိန်းကျော်ရှိပြီး အများစုမှာ မြို့စွန်မြို့ဖျားများဖြစ်သည့် လှိုင်သာယာ၊ ဒဂုံဆိပ်ကမ်းနှင့် မင်္ဂလာစက်မှုဇုန်ဒေသများတွင် အခြေချကြသည်။ ထိုပြောင်းရွှေ့လာသူအများစု၏ အလုပ်အကိုင်ကို စက်မှုကုန်ထုတ်လုပ်ငန်းတိုးတက်မှုများက ထောက်ပံ့ပေးနေသော်လည်း မြေဈေးနှုန်းများနှင့် မြေပိုင်ဆိုင်မှု မသေချာမှုများက အများစုသော ပြောင်းရွှေ့လာသူများကို ရန်ကုန်နှင့် မန္တလေးမြို့များ၏ ‘ကျူးကျော်နေထိုင်မှု (စာရင်းမဲ့နေထိုင်မှု)’သို့ ဦးတည်စေပါသည်။ ၂၀၁၆ တွင် ရန်ကုန်မြို့ရှိ ကျူးကျော်နေထိုင်သူပမာဏသည် ၃၅၀၀၀၀ ခန့်ရှိသည်ဟု

UN-Habitat က ခန့်မှန်းထားပြီး ထိုပမာဏသည် တစ်ဖြည်းဖြည်း များပြားလာလျက်ရှိပါသည်။ ကျူးကျော်နေရပ်များ၏ ထက်ဝက်ကျော်သည် ၂၀၀၈ နာဂစ်ဆိုင်ဂလုန်းကျရောက်ပြီးနောက်ပိုင်းတွင် ဆောက်လုပ်ကြခြင်းများ ဖြစ်ပါသည်။ ထိုလူဦးရေ၏ (၄၀) ရာခိုင်နှုန်းသည် လှိုင်သာယာတွင် စုပြုံလျက်ရှိပြီး လှိုင်သာယာတွင် လူဦးရေ (၇) သိန်း ကျော် ရှိနေပြီဖြစ်သည်။ (ချင်းပြည်နယ်နှင့် ကယားပြည်နယ်၏ စုစုပေါင်းလူဦးရေနှင့် ညီမျှသည်။) အသစ်ပြောင်းရွှေ့လာသူများမှာလည်း တစ်နေ့ထက်တစ်နေ့ တိုးလျက်သာ ရှိသည်။ ၂၀၀၈ ဆိုင်ကလုန်းနာဂစ်က သဘာဝကပ်ဘေးနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ပြည်တွင်းရွှေ့ပြောင်းအခြေချမှု၏ ဆက်နွယ်နေမှုကို ဖော်ပြနေပါသည်။

ကမ္ဘာတစ်ဝှမ်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၏နောက်တွင် ပြောင်းရွှေ့အခြေချခြင်းက လိုက်နေပါသည်။ မြို့ပြအုပ်ချုပ်မှုအားနည်းသောနိုင်ငံများတွင် လူအများတတ်နိုင်မည့် စရိတ်နည်းအိမ်ယာများမရှိခြင်းနှင့် မြို့ပြစနစ်ဖော်ဆောင်မှုအားနည်းခြင်းက ကျူးကျော်နေထိုင်ခြင်းများကို ဖြစ်ပေါ်စေပါသည်။ ကမ္ဘာ့ဘဏ်အရ “မြန်မာနိုင်ငံသည် လူဦးရေ ၅၁.၅ သန်းအနက်မှ ၁၅ သန်းခန့် ကျေးလက်တွင် နေထိုင်နေကြသော ကျေးလက်နေလူဦးရေအများစုနိုင်ငံဖြစ်ပါသည်။ သို့သော်လည်း ၂၀၅၀ တွင် ကျေးလက်နေလူဦးရေ၏ (၇.၁) သန်းသည် မြို့ပြသို့ ပြောင်းရွှေ့ကြကာ ထိုဂဏန်းသည် ပြောင်းလဲလာမည်ဟု ခန့်မှန်းနေရပါသည်။ မြို့ပြလူဦးရေတိုးပွားခြင်းက မြို့ပြများအပေါ်တွင် ထင်ရှားသော သက်ရောက်မှုများစွာ ရှိနေပါသည်။ အထူးသဖြင့် ရန်ကုန်မြို့၏ စရိတ်သက်သာအိမ်ယာများဖော်ဆောင်ရေးနှင့်၊ အခြေခံအဆောက်အဦးများ လိုအပ်မှုနှင့် မြို့ပြဆိုင်ရာဝန်ဆောင်မှုများ လိုအပ်လျက်ရှိသည်ကို ထင်ရှားသိသာစေပါသည်။”[17]

မြန်မာနိုင်ငံတွင် ‘ပြောင်းရွှေ့အခြေချနေထိုင်ခြင်းကို ကျေးရွာမှမြို့ပြအပြင် မြို့ပြမှမြို့ပြပြောင်းရွှေ့ခြင်းများကိုပါ တွေ့ရပါသည်။ မြို့အစွန်များရှိ လူနေထုများသည် ရန်ကုန်မြို့အစွန်ထပ်မံချဲ့ထွင်ခြင်းစီမံကိန်းများတွင် မိမိတို့ ရှိနှင့်သောနေရာများကို ရှုံးဆုံးရလေသည်[18]’။ ၂၀၀၈ နာဂစ်ဆိုင်ကလုန်းနှောင်းပိုင်းနှင့် ၂၀၁၁ စီးပွားရေးလမ်းကြောင်းများဖွင့်ပေးပြီးနောက်ပိုင်းတွေ ကျူးကျော်နေထိုင်မှုများ တစ်ဟုန်တိုးတိုးမြင့်လာသည်ကို တွေ့ရသည်။ UN-Habitat ၏ ၂၀၁၆ တွင် တွေ့ရှိရသော လေ့လာချက်များအရ ရွှေ့ပြောင်းအခြေချမှု၏ ၆၀% သည် ၂၀၁၀ ဇန်နဝါရီနှင့် ၂၀၁၆ ဇန်နဝါရီအကြားတွင်ဖြစ်ရာ စီးပွားရေးအသွင်ကူးပြောင်းမှုနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများသည် အဓိကတွန်းအားဖြစ်သည်ကို မီးမောင်းထိုးနေပါသည်။

ကျူးကျော်အခြေချနေထိုင်မှုများ များပြားလာရခြင်းသည် ဆွဲအားနှင့် တွန်းအားနှစ်ရပ်လုံးကြောင့် ဖြစ်သည်။ ဆွဲအားအချက်များအဖြစ် စရိတ်သက်သာသောအိမ်ယာများမရှိခြင်းနှင့် မြို့ပြစီမံမှုအားနည်းခြင်းနှင့် အုပ်ချုပ်ရေး အားနည်းခြင်းတို့ဖြစ်ကြောင်း လွယ်လင့်တကူတွေ့နိုင်ပါသည်။ တွန်းအားအချက်များအနေဖြင့် ရွှေ့ပြောင်းအခြေ ချမှုများက မြို့ပြဦးရေထူထပ်မှုကိုဖြစ်စေသည့် အချက်များဖြစ်သည်။

17 World Bank. 2019

18 Dr. Mu Mu Than*, Khin Mar Yee**, Kyi Lint**, May Myat Thu**, Marlar Han**, “The Emergence and Growth of Slums: The Case Study of East Yangon District, Myanmar” International Journal of Scientific and Research Publications, Volume 9, Issue 8, August 2019

ရွှေ့ပြောင်းအခြေချခြင်းအား ကျူးကျော်နေ ထိုင်ခြင်းပုံစံဖြင့် တွေ့နေရသည်မှာ ကျေးရွာမှမြို့ပြအပြင်၊ မြို့ပြမြို့ပြ နှစ်မျိုးလုံးတွင် ဖြစ်သည်။

စိုက်ပျိုးရေးစနစ်ကို စက်မှုလက်ယာအသွယ်ပြောင်းရေးတွင် စက်ယန္တရားယားများ ပိုမိုကျယ်တွင်စွာ အသုံးပြုလာခြင်းများနှင့် နိုင်ငံခြားပို့ကုန်ဦးစားပေးစိုက်ပျိုးရေးစနစ်က နယ်ကျေးလက်ဒေသများရှိ လူမှုဖွဲ့စည်းမှုများကို စိန်ခေါ်နေပါသည်။ "အများစုသော ရွှေ့ပြောင်းသူများသည် ကျေးလက်ဒေသမှဖြစ်ပြီး ကျေးလက်ဒေသ ဆင်းရဲခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် လယ်ယာမဲ့တောင်သူများ ပိုမိုများပြားလာခြင်းတို့ကြောင့် အလုပ်အကိုင်ရှာဖွေရန် လာကြသည်။"[19] ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများကလည်း စိုက်ပျိုးရေးပုံစံများကို များစွာ ထိခိုက်စေပြီး ဝင်ငွေနည်းပါးလာသောမိသားစုများအား ကျေးလက်နှင့် လယ်များကို စွန့်ခွာစေပါသည်။ ၂၀၀၈ နာဂစ်ဆိုင်ကလုန်းနှင့် ၂၀၁၅ တွင် ဖြစ်ပွားခဲ့သော စစ်ကိုင်းမြေပြိုမှုများသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကြောင့်ဖြစ်ပြီး အစုလိုက်၊ အပြုံလိုက် ပြောင်းရွှေ့နေထိုင်ခြင်းကို ဖြစ်ပေါ်စေပါသည်။

၂၀၁၀ မှ စတင်ပြီး စီးပွားရေးလမ်းကြောင်းများဖွင့်ပေးပြီးသောအခါ ရန်ကုန်မြို့အစွန်အဖျားမြို့နယ်များတွင် စက်မှုဇုန်များ တိုးတက်များပြားလာပြီး အလုပ်အကိုင်အခွင့်အလမ်းသည် ပြောင်းရွှေ့အခြေချနေထိုင်ခြင်းအတွက် အဓိကအကြောင်းပြချက်တစ်ခုလည်း ဖြစ်သည်။ လူမှုပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြသော မိုဘိုင်းဖုန်းများမှတစ်ဆင့်၊ လူမှုကွန်ယက်များမှတစ်ဆင့် လှုံ့ဆော်ပေး သော ခေတ်မီလိုစိတ်များသည်လည်း လူငယ်များကို မြို့ပြအချက်အချာများသို့ ဆွဲဆောင်နေသည်။ အမျိုး သမီးငယ်များသည် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာဖိအားများကို လွန်ဆန်ရန်အတွက်လည်း ရွှေ့ပြောင်း အခြေချကြသည်ကို တွေ့နိုင်သည်။ Eden Forbes က ရွှေ့ပြောင်းအခြေချခြင်းသည် ဆွဲအားထက် တွန်းအားအချက်များကြောင့်ဖြစ်သည်ဟု သုံးသပ်သည်။ ရွှေ့ပြောင်းခြင်းများသည် ကြိုတင်စီစဉ်ခြင်းများအစား ကြိတ်မှိတ်နေကြရသည့်အခြေအနေများဖြစ်ကြောင်း အတည်ပြုလေသည်။ "ရွှေ့ပြောင်းအခြေချခြင်းသည် ရွှေ့ပြောင်းရန်ဆွဲဆောင်သည့်အချက်များ၊ "ဆွဲအား"များဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်း၊ ပိုမိုကောင်း မွန်သောဝန်ဆောင်မှုများ အစရှိသည့် အချက်များထက်စာလျှင် မူလနေရာတွင်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များ(အစိုးရ၏ ပြန်လည်နေရာချထားရေးများ၊ ကျူးကျော်တဲများရှင်းလင်းခြင်း၊ ကျေးလက်ဒေသများတွင် ဆင်းရဲသောအခြေအနေများ သို့မဟုတ် သဘာဝလေးအန္တရာယ်များ)၏ရလဒ်ဖြစ်သည်မှာ ပိုများလေသည်"။[20] ၂၀၀၈ နာဂစ်မုန်တိုင်းသည် အစုလိုက်၊ အပြုံလိုက် ရွှေ့ပြောင်းအခြေချမှုကို ဖြစ်စေခဲ့ပြီး ကြိုတင်စီစဉ်ထားမှုမဟုတ်ဘဲ ကြိတ်မှိတ်ခံရသည့် အနေအထားဖြစ်သည်။

မြို့ပြမှ မြို့ပြသို့ ရွှေ့ပြောင်းအခြေချနေထိုင်ရခြင်းအကြောင်းများတွင် ရန်ကုန်မြို့အစွန်အဖျားများချဲ့ထွင်ခြင်းနှင့် အိမ်ငှားစရိတ်တိုးမြင့်လာခြင်းများကြောင့် နဂိုရှိနှင့်သောဒေသခံများ မြေဆုံးရှုံးခြင်းများ ပါဝင်ပါသည်။

---

19 Eden Forbes Op. cit. in Maria Kyed 2019

20 Eben Forbes « Migration, Informal Settlement, and Government Response: The Cases of Four Townships in Yangon, Myanmar », *Moussons*, 33 | 2019, 95-117.

ရန်ကုန်မြို့တွင် ငွေကြေးတတ်နိုင်သော လူတန်းစားများမှ နဂိုနေထိုင်နေသောဒေသခံများ၏နေရာအား ငွေပုံပေးပြီး အနိုင်ပိုင်းဝယ်ထုတ်လာကြခြင်းများနှင့် မြို့စွန်မြို့ဖျားချဲ့ထွင်ခြင်းများက မြို့ပြမှမြို့ပြသို့ ပြောင်းရွှေ့အခြေချခြင်းကို တွန်းအားပေးနေပါသည်။ ငွေကြေးမတတ်နိုင်သော အလယ်အလတ်တန်းစားလူစုများ၏ မြို့တွင်းနေရာများအား ငွေကြေးတတ်နိုင်သော လူလတ်တန်းစားအသစ်များနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများက အစားထိုးယူလာကြသည်။[21] ရန်ကုန်မြို့တွင် အဓိကတွန်းအားအချက်မှာ နိုင်ငံရေးအတွက် နေရာရွှေ့ပြောင်းစေခြင်း ဖြစ်သည်။ ဥပမာအနေဖြင့် ၁၉၈၈ အရေးခင်းနောက်ပိုင်းတွင် နေရာရွှေ့ပြောင်းစေမှုများ အများအပြားရှိခဲ့သည်[22]။ အချို့သောအချက်များသည် အထူးသဖြင့် ဆွဲအားအချက်များကို လစ်လျူရှုထားနိုင်ပါသည်။ သို့သော်လည်း ကျူးကျော်အခြေချနေထိုင်ခြင်းသည် အလွန်ပင်ရှုပ်ထွေးသောကိစ္စရပ်တစ်ခုဖြစ်ပြီး ရေရှည်ကိုမျှော်မှန်းသော၊ မဟာဗျူဟာကျကျ မူဝါဒများဖြင့် ဖြေရှင်းရမည့်ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ယခုလက်တလောအနေဖြင့် ကျူးကျော်နေထိုင်ကြသူများအား တင်းကျပ်လွန်းသောကိစ္စများအား ဖြေလျှော့ပေးခြင်းများ၊ အကူအညီအထောက်အပံ့များအားပေးခြင်းဖြင့် ကျူးကျော်နေထိုင်သူများအပါအဝင် တစ်မြို့လုံး၏အခက်အခဲများကို ဖြေလျှော့ပေးနိုင်ပါသည်။

## ၄။ ကျူးကျော်အခြေချနေထိုင်ခြင်းတွင် အဓိကကြုံတွေ့ရသောပြဿနာများ

### ၄.၁။ ဖယ်ရှားခံရမည်ကို ပူပန်ရခြင်း

ရှေ့တွင်ဖော်ပြသကဲ့သို့ ကျူးကျော်အခြေချနေထိုင်ခြင်းဟူသည် အဓိပ္ပါယ်ကျယ်နက်ပြီး၊ အဓိပ္ပါယ်အမျိုးမျိုးဖွင့်ဆိုနိုင်ပါသည်။ အိမ်တစ်အိမ်၏ ပိုင်ဆိုင်မှုအား ပိုင်ဆိုင်မှုယှဉ်ပြိုင်လာလျှင်လည်းကောင်း၊ အထောက်အထားအခိုင်အလုံဖြင့် စာရင်းမသွင်းထားလျှင်လည်းကောင်း၊ ပိုင်ဆိုင်မှုမှုရင်းမသိလျှင်သော်လည်းကောင်း တရားမဝင်ဟု သတ်မှတ်နိုင်ပါသည်။ ဤသို့ဆိုလျှင် ရန်ကုန်မြို့ရှိ အိမ်အတော်များများသည် ဤအချက်များအောက်တွင် ရောက်ကြမည်မှာ မလွဲပါ။ ရန်ကုန်မြို့တွင်းရှိ အဆောက်အဦးများသည် မရေရာသောပိုင်ဆိုင်မှုပုံစံများရှိနေကြသော်လည်း နေအိမ်မှဖယ်ရှားခံရမည့် အနေအထားများ မဟုတ်ကြပါ။ ကျူးကျော်အခြေချနေထိုင်သူများအားလုံး၏ တူညီသောစိုးရိမ်မှုတစ်ခုမှာ မြို့တော်စည်ပင်သာယာရေးအာဏာပိုင်များမှ အိမ်ခြံမြေလုပ်ငန်းများအတွက် မိမိတို့အား ဖယ်ရှားကြမည့်အရေး ဖြစ်ပါသည်။ UN-Habitat မှ ပြုလုပ်သော Covid-19 ၏ အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ ဆန်းစစ်လေ့လာချက်များအရ (၅၃) ရာခိုင်နှုန်းသော ကျူးကျော်နေထိုင်သူများသည် ဖယ်ရှားခံရမည်ကို ပူပင်နေကြပြီး လှိုင်သာယာအတွင်းရှိ ကျူးကျော်နေထိုင်သူများ၏ ၇၇% က ဖယ်ရှားခံရမည်ကို ပူပင်နေကြပါသည်။ ဤစိုးရိမ်ပူပန်မှုနှင့် ယုံကြည်မှုကင်းမဲ့ခြင်းတို့သည် တင်းမာမှုများကို ဖြစ်စေပြီး၊ ဤသို့ဖြင့် သက်ဆိုင်ရာလူစုအားလုံးအပေါ်တွင် အစဉ်မပြတ်ကြောင့်ကြမှုများက ခြိမ်းခြောက်နေပါသည်။

### ၄.၂။ စာရွက်စာတမ်းများမရှိခြင်း

21 M. Sabrié 2019 “Yangon ‘Emerging Metropolis’: Challenges for the Authorities and Resilience of the Yangonites”, *Moussons*, 33: 33-64.

22 Elizabeth Rhoads. (2018). Forced Evictions as Urban Planning? Traces of Colonial Land Control Practices in Yangon, Myanmar. *State Crime Journal, 7*(2), 278-305.

၂၀၁၄ မြန်မာနိုင်ငံသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် နိုင်ငံသားမှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများကဲ့သို့သော သက်သေခံ အထောက်အထားစာရွက်စာရွက်များ မရှိကြပါ။[23] ရွှေ့ပြောင်းအခြေချကြသူများအနေဖြင့် ဤပြဿနာသည် ပို၍ပင် ပူပန်စရာပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တရားဝင်အထောက်အထားစာရွက်စာတမ်းများသည် သဘာဝအန္တရာယ်အတွင်း၌လည်းကောင်း၊ ရွှေ့ပြောင်းကြစဉ်လမ်းခရီးတစ်လျှောက်၌လည်းကောင်း ပျောက်ဆုံးသည်မှာ မကြာမဏဖြစ်ပါသည်။ အိမ်ခြေပေါင်း ၈ သိန်းကျော်ပျက်စီး၊ ဆုံးရှုံးခဲ့သည့် ၂၀၀၈ခုနှစ် နာဂစ်ဆိုင်ကလုန်းနှောင်းပိုင်းတွင် ဧရာဝတီတိုင်းမှ ပြောင်းရွှေ့အခြေချကြသူများက ၎င်းတို့၏ စာရွက်စာတမ်းများ ပျောက်ပျက်၊ ပျက်စီးခဲ့ကြောင်းကို ဖွင့်ဟကြပါသည်။ နိုင်ငံသားမှတ်ပုံတင်မရှိပါက တရားဝင်အချိန်ပြည့်အလုပ်များရရှိနိုင်ခြေသည် အလွန်ပင်နည်းပါးပြီး နေ့စားအလုပ်များသာလည်းကောင်း၊ နှုတ်ဂတိဖြင့် ခန့်အပ်သောအလုပ်များသာလည်းကောင်း ရရှိနိုင်ကြပြီး ၎င်းတို့၏ ရပိုင်ခွင့်များကို တောင်းဆိုနိုင်ရန် ခက်ခဲလှပါသည်။ နိုင်ငံတစ်ဝှမ်းရှိ အများစုသောအလုပ်ခန့်အပ်မှုများအား တရားဝင်စာရင်းသွင်းမထားသည်မှာ ပုံမှန်အလေ့အကျင့်ပင်ဖြစ်သော်လည်း (၈၃% သော အလုပ်သမများသည် တရားဝင်စာရင်းသွင်းထားခြင်း မရှိပါ[24]) ကျူးကျော်နေထိုင်သူများအနေဖြင့် အလုပ်နှင့် အိုးအိမ်နှစ်မျိုးလုံးမှ တရားဝင်အသိအမှတ်ပြုခြင်းများမရှိသည့်အခြေအနေများသည် ၎င်းတို့၏ အနေအထားများအား ပို၍ပင် ခြိမ်းခြောက်နေပါသည်။ ကမ္ဘာ့ဘဏ်၏ အဆိုအရ “ပြည်တွင်းပြောင်းရွှေ့နေထိုင်ကြသူများအနက် ၂၀ ရာခိုင်နှုန်းသာ အတည်တကျလခစားအလုပ် ရှိကြသည်။ အများစုမှာ ပုံမှန်လစာနှင့် ရပိုင်ခွင့်များ မရကြပါ။ မြို့ပေါ် ရှိ အလုပ်သမားအရေအတွက်၏ ၈၀ ရာခိုင်နှုန်းသည် အလွန်သေးငယ်သောအလုပ်များတွင် လုပ်ကိုင်ကြသည်။” H. Maria Kyed က “အများစုမှာ လိုအပ်သော အရည်အချင်းနှင့် တရားဝင်စာရွက်စာတမ်းများမရှိသဖြင့် စက်ရုံများတွင် တရားဝင်အလုပ်အကိုင်များ မလုပ်နိုင်ကြပါ။ ဤသို့ဖြင့် ၎င်းတို့သည် ဝင်ငွေနည်းပါးသော၊ တရားဝင်စာရင်းမသွင်းထားသော၊ အတည်တကျမရှိသောအလုပ်များတွင် လုပ်ကိုင်နေရပြီး ပုံမှန်ဝင်ငွေ မရနိုင်ကြပါ” ဟု မှတ်ချက်ချပါသည်။ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမရှိသော ကလေးငယ်များသည် စာသင်ကျောင်းများတွင် ခွဲခြားဆက်ဆံခြင်းများ ခံနေရပြီး၊ ရံဖန်ရံဖန် ကျောင်းတက်ခွင့်ပင် မရကြပါ။ မှတ်ပုံ တင်မရှိသူများအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအရာရှိများက ထောက်ခံစာပေးနိုင်သော်လည်း ဤနည်း လမ်းသည် ပုံမှန်အားဖြင့် အလျဉ်းသင့်သလိုဆောင်ရွက်ကြခြင်းသာဖြစ်သည်။ ခွဲခြားဆက်ဆံရခြင်းများနှင့် တရားဝင်စာရွက်စာတမ်းများအတွက် အလျဉ်းသင့်သလိုဆောင်ရွက်ရခြင်းများက သဘာဝဘေး အန္တရာယ်သင့်သားကောင်များအား ကျူးကျော်နေထိုင်သူများအဖြစ်သို့ ကူးပြောင်းစေပါသည်။

## ၄.၃။ အခြေခံအဆောက်အဦးများမရှိခြင်း

ကမ္ဘာ့ဘဏ်၏ ဖော်ပြချက်အရ ‘ရန်ကုန်တွင် လူဦးရေ၏ ၃၃%သာ ပိုက်ရေရရှိကြပြီး၊ ကားလမ်းများ ပိတ်ကြပ်မှုပြဿနာသည် တစ်နေ့ထက်တစ်နေ့ ပို၍ဆိုးနေပြီး အမှိုက်သရိုက်ပြဿနာ၊ ရေကြီးခြင်း ပြဿနာနှင့်

23 Myo Min (2020) The Socio Economic Struggles of Cyclone Nargis's Migrant in Yangon, Tea Circle Oxford. Available online.

24 Data from the 2017 Labour Force Survey by the Department of Labour

ရေမြေမသန့်သည့်ပြဿနာများကလည်း တစ်နေ့တစ်ခြား ဆိုးဝါးလျက်ရှိသည်။ လက်ရှိအိမ်ခြံမြေများအား မတတ်နိုင်သဖြင့် ကျူးကျော်နေထိုင်ရသည့် လူဦးရေကလည်း တစ်နေ့တစ်ခြား ပိုပို၍ တိုးလာပါသည်။ ဤပြဿနာများကို လျစ်လျူရှုခြင်းက ရေရှည်တွင် ပို၍သိပ်သည်းပိတ်ကြပ်လာပြီး၊ ကျူးကျော်တဲများပိုမို များပြားလာကာ၊ ရေလေမြေညစ်နွမ်းမှုများနှင့် တိုးတက်မှုအခွင့်အလမ်းများကို နှောင့်နှေးစေပါလိမ့်မည်။'[25]

UN-Habitat က ၂၀၁၆တွင် ပြုလုပ်ခဲ့သောစစ်တမ်းအရ 'ရန်ကုန်မြို့ရှိ ကျူးကျော်နေရာများတွင် အခြေခံအဆောက်အဦးများဖြစ်သည့် ရေပိုက်ရေပေးဝေခြင်း၊ မိလ္လာစနစ်များ၊ စည်ပင်ရေဆိုးထုတ်မြောင်းများနှင့် ပြန်လည်သန့်စင်သည့် စနစ်များ၊ အမှိုက်စို၊ အမှိုက်ခြောက်များ စွန့်ပစ်ရမည့်စနစ်များသည် လုံးဝမရှိသလောက်ပင် ဖြစ်သည်။'[26] လှိုင်သာယာနှင့် ဒဂုံဆိပ်ကမ်းမြို့များကဲ့သို့ မြို့စွန်မြို့ဖျားနေရာများရှိ ကျူးကျော်နေရာများတွင် ပြည်သူ့အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများဖြစ်သော လမ်းများ၊ မိလ္လာစနစ်များ၊ ရေ၊ ကျန်းမာ ရေးစောင့်ရှောက်မှုနှင့် လျှပ်စစ်တို့ပင် မရကြချေ။ ထိုသို့ ရေထုတ်မြောင်းများမရှိခြင်းက မိုးရာသီတွင် ရေကြီး ရေလျှံမှုများ ဖြစ်စေသည်။ ကျူးကျော်နေရာများရှိ အများစုသောအိမ်သာများသည်လည်း ကျင်းအိမ်သာများ ဖြစ်ရာ ရေကြီးသောအခါ အညစ်အကြေးများသည် ရေနှင့်အတူ မြောပါကာ အနီးအနားရှိ ရေနှင့် ပတ်ဝန်း ကျင်တစ်ခုလုံးကို ညစ်ညမ်းစေပါသည်။ ဤကဲ့သို့ အညစ်အကြေးပြဿနာများနှင့် ရေရှားပါးမှုပြဿနာများက ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ ဝမ်းကိုက်ရောဂါများ၊ ငှက်ဖျားရောဂါနှင့် တီဘီအဆုပ်ရောင်ရောဂါများကို ထူထပ်စေပါသည်။ လူဦးရေထူထပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်းနှင့် သန့်ရှင်းရေးအား နည်းခြင်းများက ကျူးကျော်နေရာများတွင် ကပ်ရောဂါများကျရောက်နိုင်မှု ပိုမိုမြင့်မားပါသည်။

## ၄.၄။ နံခြာသောအိမ်နှင့် သန့်ရှင်းမှုအခြေအနေများ

ကျူးကျော်နေအိမ်များအား အများအားဖြင့် ခပ်နုပ်နုပ်အရာဝတ္ထုများဖြင့် ဆောက်လုပ်ထားသော သေးငယ်ပြီး ပျက်စီးလွယ်သော အဆောက်အဦများအဖြစ် တွေ့နိုင်ပါသည်။ ရန်ကုန်မြို့ရှိ ကျူးကျော်နေရာများသည် အများအားဖြင့် စက်မှုဇုန်များအနီးတွင်ရှိကြပြီး ဆောက်လုပ်ရေးမှရသောပစ္စည်းများ၊ စက်ရုံမှ စွန့်ပစ်ပစ္စည်းများ သို့မဟုတ် မိမိတို့ဘာသာ ပြန်လည်အသုံးချပစ္စည်းများဖြစ်သည့် သစ်သား၊ ပလတ်စတစ်နှင့် သံထည်ပစ္စည်းများဖြင့် တဲအိမ်များ ဆောက်လုပ်နေထိုင်ကြပါသည်။ ရန်ကုန်သည် ရေကြီးမှုဖြစ်လွယ်ပြီး UN-Habitat အရ "၃၄% သော ကျူးကျော်နေရာများသည် ရေကြီးလွယ်သောနေရာများနှင့် ရေဝပ်လွယ်သောနေ ရာများတွင်ရှိပြီး နေ့တိုင်းနီးပါး ၎င်းအန္တရာယ်အောက်ရောက်နေပါသည်။"[27] ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ၎င်း၏အကျိုးဆက်ဖြစ်သော ပင်လယ်ရေမြင့်တက်မှုများက ထိုကဲ့သို့ ရေကြီးမှုများကို ပိုများစေမည်ဖြစ်ပြီး မြို့ပြဆင်းရဲသူများအား ထိခိုက်နစ်နာစေမည်ဖြစ်သည်။ Eden Forbes အရ ''လူဦးရေသိပ်သည်းလွန်းသည့်အ နေအထားများနှင့် မီးလောင်လွယ်သောအရာများဖြင့်

25 World Bank. 2019. Myanmar's Urbanization: Creating Opportunities for All - Executive Summary (English). Washington, D.C. : World Bank Group.

26 "Mapping of Yangon: the untapped communities, a preliminary study of informal settlements" elaborated by UN-Habitat, 2016.

27 UN-Habitat 2020 COVID 19: Discussion paper on policy options for Myanmar.

အိမ်ဆောက်ခြင်းများ(သက်ကယ်အမိုးများ)နှင့် ထင်း အသုံးပြုချက်ပြုတ်ခြင်းများကလည်း နွေရာသီတွင် မီးလောင်နိုင်ခြေများစေပါသည်။''

ဆိုးဝါးသောအဆောက်အဦများနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်နည်းသော နေရာများတွင်နေထိုင်နေရသော ကျူးကျော်နေထိုင်သူများသည် သန့်ရှင်းရေးအခက်အခဲများကြောင့် ကျန်းမာရေးပြဿနာများကိုလည်း ကြုံနေရပါသည်။ ရေကြီးခြင်းကြောင့် အိမ်သာရေများရောနှောနေသောရေများသည် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အန္တရာယ်များကို ဖြစ်စေပါသည်။ Eden Forbes က ''အမှိုက်ပုံများနှင့် အိမ်သာမလုံလောက်မှုများက အနံ့ဆိုးများထွက်လျက် ဆိုးဝါးသောအခြေအနေများကို အထင်းသားမြင်သာစေပါသည်။ ကျင်းအိမ်သာများကို အများစုအသုံးပြုကြသော်လည်း ထိန်းသိမ်းမှုအပိုင်းတွင် အားနည်းပါသည်။ အများစုက ကျင်းများပြည့်လျှံသည် အထိထားကာ မိုးရွာသောအခါ ကျင်းနှင့် ကန်အတွင်းရှိ အညစ်အကြေးများသည် မိုးရေနှင့်အတူမျောပါလျက် အလွန်ပင်ညစ်နွမ်းသောအခြေအနေများကို ဖြစ်ပေါ်စေပါသည်” ဟု ကောက်ချက်ချပါသည်။[28]

ရပ်ရွာအတွင်း လူစုဝေးကာ ရပ်ရွာမြောင်းဖော်ခြင်းများအတွက် အကူအညီပေးခြင်းများ၊ ရပ်ရွာအတွင်းရှိ လက်သမားများအား သင်တန်းများပေးခြင်းများက ဤအခက်အခဲများနှင့် အန္တရာယ်အောက်ကျရောက်လွယ်သည့် အခြေအနေပြဿနာများအား စရိတ်သက်သက်သာသာဖြင့် ဖြေရှင်းနိုင်မည်ဖြစ်သည်။

## ၄.၄။ ရေရှားပါးမှုအခက်အခဲ

ရန်ကုန်မြို့ရှိ ကျူးကျော်နေရာအများစုသည် သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သောနေရာများတွင် ရှိကြသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ပင်လယ်ရေမြင့်တက်လာမှုများလည်း ပိုမိုဆိုးရွားလာမည်ဖြစ်ရာ ရန်ကုန်မြို့ရှိ ကျူးကျော်နေရာများသည် ၎င်းအကျိုးဆက်များကို ကြုံတွေ့နေရပြီဖြစ်သည်။ ရေကြီးနိုင်လာမှုအခြေအနေများအပြင် ရန်ကုန်မြို့တွင် ပင်လယ်ရေဝင်ရောက်မှုများမြင့်တက်နေပြီ ဖြစ်သည်။ ကျူးကျော်နေရာများသည် ရေပိုက်ရေသွယ်မှုများလည်း မရှိသဖြင့် ရေအောက်ရေနှင့် ရေကန်များမှရေများကိုသာ အသုံးပြုနေရသည်ဖြစ်ရာ ထိုရေများသည် အညစ်အကြေးများကြောင့် မသန့်စင်သောရေများဖြစ်နိုင်ခြေမြင့်လျက် ပင်လယ်ရေငန်စိမ့်ဝင်နိုင်မှုအန္တရာယ်လည်း များလှသည်။ ပုံမှန်အားဖြင့် သောက်ရေအတွက် ရေ (၂၀) လီတာအား ငွေကျပ် (၅၀၀) ဖြင့် အခြားနေရာများနည်းတူ ဝယ်သောက်နိုင်ကြသည်။ သို့သော် လျှော်ဖွတ်၊ ချက်ပြုတ်ရာ တွင်အသုံးပြုသော သုံးရေသည် ဈေးကြီးနေခြင်းသော်လည်းကောင်းနှင့် ကျန်းမာရေးအန္တရာယ် အောက်သော်လည်းကောင်း ရောက်နိုင်ခြေများသည်။ မြေအောက်ရေနှင့် ရေကန်ရေများသည် ပင်လယ်ရေ ဝင်ရောက်မှုများကြောင့် အလွန်ငန်နေတတ်သည်။ ထိုရေများသည် လှိုင်သာယာနှင့် ဒဂုံဆိပ်ကမ်းမြို့များတွင် စက်ရုံများမှ စည်းကမ်းမဲ့ရေဆိုးစွန့်ပစ်မှုများကြောင့်လည်း ပိုမိုညစ်နွမ်းနိုင်ခြေရှိသည်။[29] ထို့ကြောင့် ကျူးကျော်နေထိုင်သူများသည် တစ်နေ့လျှင် ရေတစ်စည် ငွေတစ်ထောင်ကျပ်ပေးကာ ဝယ်သုံးနေရသည်။

28 Eden Forbes, « Migration, Informal Settlement, and Government Response: The Cases of Four Townships in Yangon, Myanmar », Moussons, 33 | 2019, 95-117.

29 Su-Ann Oh, 2019

UN-Habitat ၏ အခြားလေ့လာမှုများအရ "သောက်ရေနှင့် ချိုးရေအတွက် တစ်နေ့လျှင် ရေ(၂၀)လီတာကို ငွေ(၅၀၀) ကျပ်ပေးဝယ်နေရသည်။" စင်စစ် ကျူးကျော်နေထိုင်သူများသည် အခြားနေရာများထက် ရေကို ပိုဈေးကြီးပေးပြီး ဝယ်နေရသဖြင့် မြို့နေဆင်းရဲသူများအတွက် ဒုက္ခပိုတိုးလျက်ရှိသည်။ E Forbes က UN-Habitat[30] ၏ လေ့လာမှုများအရ "လှိုင်သာယာသည် ပတ်ဝန်းကျင်အခြေအနေအခက်အခဲများနှင့် ရေနှင့် သန့်ရှင်းရေးအခက်အခဲများကြောင့်ဖြစ်သော ရောဂါများ (ဝမ်းပျက်မှုများ၊ ဝမ်းကိုက်မှုများ၊ ငှက်ဖျားရောဂါနှင့် တီဘီအဆုပ်ရောင်ရောဂါ) အထူထပ်ဆုံးနေရာ ဖြစ်သည်။ လှိုင်သာယာသည် ရန်ကုန်မြို့တွင် ဝမ်းပျက်ဝမ်းလျှော အဖြစ်အများဆုံးနေရာဖြစ်ပြီး ငှက်ဖျားလည်း ဒုတိယအများဆုံးဖြစ်သောနေရဖြစ်ပြီး ဝမ်းကိုက်ရောဂါ တတိယအများဆုံးဖြစ်သောနေရာဖြစ်သည်။"[31] မြို့ပြစီမံခန့်ခွဲမှုအားနည်းခြင်းသည် ဆင်းရဲသူများသာမကပဲ တစ်မြို့လုံးအား ထိခိုက်လျက်ရှိသည်။ Covid-19 က သင်ခန်းစာပေးခဲ့သည့်အတိုင်းပင် မြို့များသည် သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတွင် ရပ်ရွာတစ်ခုပင်ဖြစ်စသည်။ ခွဲခြားဆက်ဆံခြင်းများက အားလုံးကို ထိခိုက်မည်သာ ဖြစ်သည်။

# ၅။ အကြံပြုချက်များ

## ၅.၁။ သမိုင်းနောက်ခံ

"မြန်မာနိုင်ငံတွင်၊ အထူးသဖြင့် ရန်ကုန်တွင် အစိုးရမှ မြို့ပြနယ်နမိတ်တိုးချဲ့ခြင်းအတွက် ကမကထ ပြုလုပ်ဆောင်ရွက်သော အတင်းအဓမ္မ ရွှေ့ပြောင်းအခြေချစေမှုရာဇဝင်များ ရှိခဲ့ပါသည်။ အတင်းအဓမ္မ ရွှေ့ပြောင်း အခြေချစေမှုများဖြင့် အကောင်အထည်ဖော်သော ဖွံ့ဖြိုးတိုးတက်မှုပုံစံများသည် လွန်စွာပွားများလာကာ လူအများအား ဆင်းရဲတွင်းသို့တွင်းပို့နေပြီး အခြေခံလူ့အခွင့်အရေးကိုပင် လျစ်လျူရှုလျက်ရှိသည်။" UN-Habitat 2018[32]

မြန်မာနိုင်ငံတွင် အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းအခြေချခြင်းများ၏ အကျိုးဆက်ဖြစ်သော တရားမဝင် အိမ်ယာရာဇဝင်များသည် ဖြစ်ရိုးသစ်များ မဟုတ်ကြချေ။ ၁၉၅၀ ပြည့်နှစ်များမှ ယနေ့အထိ ကျေးလယ်နယ်မြေများမှ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ အလုံးလိုက်ပြောင်းလာနေကြမြဖြစ်သည်။ ၁၉၅၈ တွင် ရန်ကုန်မြို့တွင် ကျူးကျော်နေထိုင်သူပေါင်း ၃ သိန်းခန့် ရှိသည်ဟု ခန့်မှန်းရသည်။[33] ပထမဦးစွာ ဤအရေးအတွက်က ရွှေ့ပြောင်းအခြေချခြင်းများက ကျူးကျော်နေထိုင်ခြင်းများနှင့် အမြဲပင်ဒွန်တွဲနေကြောင်း အသိပေးနေပါသည်။ ထို့အပြင် ယခုလက်ရှိ ကျူးကျော်နေထိုင်သူများ၏ အရေအတွက်သည် အံ့အားသင့်လွန်းဖွယ် မဟုတ်ကြောင်းကိုလည်း အသိပေးနေပါသည်။ စစ်တပ်အုပ်ချုပ်မှုအောက်တွင် ယခုကဲ့သို့ ကျူးကျော်နေထိုင်သူများနှင့် စပ်လျဉ်း၍ ဖြေရှင်းသောနည်းလမ်းသည် အသစ်တည်ဆောက်ထားသော မြို့စွန်မြို့ဖျားများတွင်

30 UN Habitat 2020 "Dicsussion paper on policy options for Myanmar".

31 E. Forbes 2019

32 UN Habitat 2018 Introduction of the YISRP Yangon Informal Settlements Resettlement Program

33 Than Than Nwe, "Yangon: The Emergence of a New Spatial Order in Myanmar's Capital City," *Sojourn: The Journal of Social Issues in Southeast Asia* 13, no. 1 (1998): 95-96. Op. Cit in Eben Forbes 2016.

ပြောင်းရွှေ့အခြေချစေ ခြင်းပင် ဖြစ်သည်။ “၁၉၈၀ နှောင်းပိုင်းတွင် စစ်အစိုးရမှ မြို့အတွင်းရှိ လူပေါင်း လေးသိန်းခွဲ၊ ငါးသိန်းခန့်ကို အစိုးရမှ အသစ်အကွက်ချဆောက်လုပ်ထားသော မြို့စွန်မြို့ဖျား ၆ မြို့သို့ ထပ်မံရွှေ့ပြောင်းဖယ်ရှားခဲ့ပြန်သည်။ လှိုင်သာယာသည် တစ်ခုအပါအဝင် ဖြစ်သည်။” (Maria Kyed 2019) ဤကဲ့သို့သော မူဝါဒလအသစ်များသည် နည်းလမ်းအဖုံဖုံဖြင့် အောင်မြင်မှုရခဲ့သည်။ အချို့သောအောင်မြင်မှုသည် စရိတ်သက်သာသော အိမ်ယာများ ချထားပေးခြင်းများဖြစ်ပြီး၊ အချို့မှာမူ အင်းအားသုံး၊ အဓမ္မဖယ်ရှားခံရခြင်းသက်သက် ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ “သဘာဝဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊ စီးပွားရေးအခွင့်အလမ်းများအတွက်သော်လည်းကောင်း၊ မြေယာအသိမ်းခံရ၍သော်လည်းကောင်း မြို့ကြီးများသို့ အိမ်ခြေယာမဲ့ပြောင်းရွှေ့လာရသူများအား နေထိုင်စရာဖန်တီးပေးမည့်အစီအစဉ်တစ်ရပ် အမြန်ဆုံးဆောင်ရွက်ရန်” ဂတိပေးခဲ့ပါသည်။[34] သို့သော်လည်း ၂၀၁၆ မှစတင်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ရွှေ့ပြောင်း ဖယ်ရှားစေခြင်းများကို လုပ်ဆောင်ခဲ့ပါသည်။ “အသစ်ပြောင်းရွှေ့ဝင်ရောက်ကြသူများအား နေရာချ ထားပေးမည့်အစား ရန်ကုန်မြို့တော်နှင့် တိုင်းဒေသကြီးအစိုးရများသည် ၂၀၁၂ ကတည်းက စစ်အစိုးရ၏ သမိုင်းဝင်အလေ့အထဖြစ်သော ကျူးကျော်နေထိုင်သူများအား ရွှေ့ပြောင်းဖယ်ရှားခြင်းကိုသာ ဆက်လက်ကျင့်သုံးလျက်ရှိသည်။” (Maria Kyed 2017) ထိုလုပ်ရပ်များ၏ အကျိုးဆက်အဖြစ် ဒီမိုကရေစီစနစ်သို့အသွင်ပြောင်းရေးနှင့် လူ့အခွင့်အရေးလေးစားမှုများသည် တွန့်ဆုတ်နှောင့်နှေးခဲ့ရသည်။

ထို့ကြောင့် ဤလေ့လာချက်တွင် ဖော်ပြခဲ့ပြီးအတိုင်း အကြံပြုချက်များသည် အောက်ပါအတိုင်းဖြစ်သည်။

## ၅.၂။ ရွှေ့ပြောင်းဖယ်ရှားစေမှုကို ရပ်ပါ။

“ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့နယ်အဆင့်အရာရှိတစ်ဦးက “ကျွန်တော်တို့မှာ ဆောင်ပုဒ်တစ်ခုရှိတယ်၊ အဲဒါက တဲတွေ့ရင် တဲဖျက်။” (Interview, 4 April 2017) Maria Kyed, 2019

၂၀၁၆ တွင် NLD မှ အာဏာလွှဲပြောင်းယူပြီးနောက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ဆင်းရဲသားများ၏နေအိမ်များ ဖျက်စီးခြင်းကဲ့သို့သော ကျူးကျော်နေထိုင်သူများအပေါ်တွင် ကြမ်းတမ်းသောလုပ်ရပ်များ ဆောင်ရွက်ခဲ့သည်။ Maria Kyed ၏ တင်ပြချက်အရ ၂၀၁၇ ဇွန်လတွင် “NLD အစိုးရသည် ရန်ကုန်တိုင်း အရှေ့မြောက်ပိုင်းရှိ လှည်းကူးမြို့နယ်အတွင်းတွင် အထပ်မြင့်အဆောက်အဦးများ၊ ဆေးရုံများ၊ ပန်းခြံများနှင့် ဂေါက်ကစားကွင်းစီမံကိန်း တည်ဆောက်ရန်အတွက် အိမ်ခြေ (၄၀၀၀) ကျော်ရှိသောနေရာတွင် ကျူးကျော်တဲများ (အများစုမှာ ဝါးအိမ်များဖြစ်သည်) အင်းအားသုံးဖယ်ရှားမှုများပြုလုပ်ရန် ခွင့်ပြုပေးခဲ့သည်။” ဒေသတွင်းလိုအပ်ချက်များနှင့် လျော်ကန်မှုမရှိသော အဆင့်မြင့်အိမ်ခြံမြေစီမံကိန်းများအတွက် ရဲများမှ ကျူးကျော်နေထိုင်သူများအား ၎င်းတို့၏ အိမ်များ ဖျက်စီးကာ ဖယ်ရှားမောင်းထုတ်ခဲ့သည်။[35] ၂၀၁၈ တွင် ရန်ကုန်တိုင်းဒေသကြီးမှ လှိုင်သာယာအတွင်း ကျူးကျော်နေရပ်များ

34 HEIN KO SOE, 2016 April “The lost dream of affordable housing” Frontier Myanmar

35 Maria Kyed 2019

ဖျက်စီးခြင်းအား သုံး ကြိမ်တိုင်တိုင်ပြု လုပ်ခဲ့ပြီး ကျူးကျော်နေထိုင်သူများအား မြို့ပြနှင့် အလုပ်အကိုင်အခွင့်အလမ်းများမှ သာ၍ဝေးသောအရပ်သို့ တွန်းထုတ်ခဲ့သည်။ သို့သော်လည်း ဤအခြင်းအရာများသည် ရွှေ့ပြောင်းအခြေချမှုများနှင့် ကျူးကျော်နေထိုင်မှု များအား ဟန့်ထားရန် မလုံလောက်ခဲ့ပါ။

## ၅.၃။ အဆင့်မြှင့်တင်ပေးခြင်းနှင့် ပြန်လည်နေရာချထားပေးခြင်းအား နှိုင်းယှဉ်ခြင်း (ဖြစ်နိုင်ပါက)

"UN-Habitat ၏ မြေပုံချခြင်းစီမံကိန်းက လက်ရှိကျူးကျော်နေရာ ၁၃၀ ခန့်သည် ပြန်လည်ရွှေ့ပြောင်းရန်မလိုဘဲ အဆင့်မြှင့်တင်မှုများပြုလုပ်ရန် သင့်တော်နိုင်ကြောင်းကို အတည်ပြုခဲ့သည်။ တစ်ဆက်တည်းတွင် ကျန်ကျူးကျော်နေရာများသည်မူ လူသားများ အခြေချနေထိုင်ရန် မသင့်တော်သော၊ မလုံခြုံသော၊ အန္တရာယ်ဖြစ်နိုင်သော အနေအထားများအောက် ကျရောက်နေသည်ကိုလည်း တွေ့ရပါသည်။" UN-Habitat 2018

UN-Habitat နှင့် International Growth Center (IGC) တို့အရ ပြန်လည်နေရာချထားပေးခြင်းသည် အဆင့်မြှင့်တင်ပေးခြင်း သို့မဟုတ် တရားဝင်ပြုပေးခြင်းထက် အမြဲပင် အကုန်အကျများနေတတ်သည်။ ကျူးကျော်နေထိုင်သူများအား နောင်တွင် တရားဝင်အိုးအိမ်ချထားပေးရေးအတွက် စရိတ်သက်သာ အိမ်ယာဖော်ဆောင်မှုလုပ်ငန်းအသစ်များရှိလာသည်ကို တွေ့ရပါသည်။ ၂၀၁၄ တွင် လူသားအခြေချမှုနှင့် အိုးအိမ်ဌာနမှ အမေရိကန်ဒေါ်လာ ၉၇ သန်းတန် စရိတ်သက်သာအိမ်ယာဖော်ဆောင်မည်ဟု ကြေညာခဲ့ပါသည်။ ထိုစီမံကိန်းတွင် ဒဂုံဆိပ်ကမ်းအတွက် အိမ်ခန်း (၁၀၀၀၀) ပါဝင်မည်ဟု သိရသည်။ သို့သော်လည်း ၂၀၁၆တွင် Forbes က "အသက်သာဆုံး" စရိတ်နည်းအိမ်ခန်းသည်ပင် အမေရိကန်ဒေါ်လာ နှစ်သောင်း (၂၀၀၀၀) ဖြင့်ရောင်းချနေသည်ကိုတွေ့ရသဖြင့် လက်လုပ်လက်စားမိသားစုအနည်းငယ်ကသာ အရစ်ကျစနစ် သို့မဟုတ်အတိုးနှုန်းသက်သာသောအကြွေးစနစ် သို့မဟုတ် နှစ်မျိုးပေါင်းမပါဘဲ ဝယ်ယူနိုင်သည်ကိုတွေ့ရသည်" ဟု ဆိုသည်[36]။ National Housing Policy White Paper 2018 က ရန်ကုန်မြို့ရှိ ၁၄% ကသာ တရားဝင်အိမ်ယာမြေစနစ်ကို တတ်နိုင်ကြသည်ဟု ခန့်မှန်းသည်။

UN-Habitat အရ ၉၀ ရာခိုင်နှုန်းသော ကျူးကျော်နေထိုင်သူတို့သည် မိမိတို့နေအိမ်များကို မစွန့်ခွာချင်ကြပါ။ ထိုအစား အဆင့်မြှင့်တင်ခြင်းကိုသာ တည်ဆောက်လို၊ မျှော်လင့်လိုကြသည်။ ဖယ်ရှားရှင်းလင်းခြင်းသည် အဆင့်မြှင့်တင်လိုက်ခြင်းထက် ဆယ်ဆပို၍ ကုန်ကျပါသည်။ တစ်ဖက်တွင် အဆင့်မြှင့်တင်လိုက်ခြင်းသည် ကိုယ်ပိုင်စီးပွားရေးမြှပ်နှံမှုများကို ဦးတည်စေပါသည်။ UN-Habitat မှ မြေပိုင်ဆိုင်မှုပုံစံများအား စံတစ်ခုပြောင်းလဲသတ်မှတ်ပေးလိုက်ခြင်းဖြင့် ဤလူမှုအသိုင်းအဝိုင်းများတွင် ကိုယ်ပိုင်စီးပွားရေးရင်းနှီးမှုသည် အစိုးရ (အများပိုင်) ထောက်ပံ့မှု အမေရိကန်ဒေါ်လာ တစ်ဒေါ်လာစီတိုင်းတွင် (၇) ဒေါ်လာအထိ ရင်းနှီးကာ စီးပွားရေးပြုလုပ်လာကြမည်ဟု ခန့်မှန်းသည်။ အဆင့်မြှင့်တင်ခြင်းသည် အိုးအိမ်အပေါ်တွင် များစွာသော ရင်းနှီးမြှပ်နှံမှုများကို ဖွင့်လှစ်၊ တွန်းအားပေးရန် အခွင့်အလမ်းများ ဖွင့်ပေးလျက်ရှိသည်။ လူမှုအသိုင်းအဝိုင်းနှင့် စီးပွားရေးဆိုင်ရာ အမျိုးအစားပေါင်းများစွာရှိခြင်းသည် စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့လိုအပ်သော

[36] Eden Forbes 2016

လူအမျိုးအစားများအား ခန့်ထားနိုင်ရန် ရွေးချယ်နိုင်မည်ဖြစ်သည်။ ထိုသို့ဖြင့် မြို့တွင်းမှ မြို့စွန်ကျသောနေရာများသို့ ကူးလူးသွားလာရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ကားလမ်းပိတ်ခြင်းပြဿနာလည်း လျော့ပါးလာမည်ဖြစ်သည်။ ဤလူမှုအသိုင်းအဝိုင်းများဖြင့် အတူပူးပေါင်းလုပ်ဆောင်ခြင်းသည် ၎င်းတို့အား မြို့ပြင်သို့ နှင်ထုတ်လိုက်ခြင်းထက် ပိုမိုသက်သာရုံမျှမက အားလုံးအတွက်လည်း အလုပ်တွင်ကျယ်လာမည်ဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် အာဏာပိုင်များသည် မြို့ပြ၏ ဝင်ငွေနည်းအလုပ်သမားထုအား မြို့ပြ၏အထည်များနှင့် ပေါင်းစည်းနိုင်ရန် အထောက်အကူပြုမည် ဖြစ်သည်။ UN-Habitat မှ ရှိရင်းစွဲ ၁၃၀ သော ကျူးကျော်နေရပ်များအား အဆင့်မြှင့်တင်နိုင်သည့် အခွင့်အလမ်းများအား ဖော်ပြပြီးလည်း ဖြစ်သည်။ အချို့သော ခြွင်းချက်အခြေအနေများအဖြစ် ရှိရင်းစွဲကျူးကျော်နေရာများသည် အန္တရာယ်ကျရောက်လွယ်သောနေရာများ (သဘာဝအန္တရာယ်နှင့် လူလုပ်အန္တရာယ်နှစ်မျိုးလုံး) ဖြစ်ကာ ရေကြီးမှုဘေး၊ အန္တရာယ်ရှိ စက်မှု ဇုန်စွန့်ပစ်ပစ္စည်းများနှင့် ညစ်နွမ်းမှု၊ ဆောက်လုပ်ရေးအတွက် မသင့်လျော်သော အနေအထားများ၊ အလွန်မတ်စောက်သော အနေအထားများနှင့် နေထိုင်သူများ၏ အသက်အန္တရာယ်ကို စိုးရိမ်ရသောအခြေအနေ အောက်တွင် ရောက်ရှိနေလျှင်မူ ဖယ်ရှားရှင်းလင်းမှုများသည် မဖြစ်မနေလိုအပ်ကောင်း လိုအပ်လာနိုင်ပါသည်။

မည်သို့သော နည်းဗျူဟာများအတွက်မဆို သက်ဆိုင်ရာလူမှုအသိုင်းအဝန်းများအား တိုင်ပင်ခြင်းနှင့် ၎င်းတို့၏ ပူးပေါင်းမှုများသည် အလွန်ပင် အရေးကြီးပါသည်။ နည်းဗျူဟာစတင်စဉ်းစားသည့်အဆင့်မှ မည်သည့်မူဝါဒ အားကျင့်သုံးမည်ဟု သတ်မှတ်သည့်အချိန်နှင့် မူဝါဒများအကောင်အထည်ဖော်သည့်တစ်လျှောက်တွင် ၎င်းတို့အား ထည့်ဝင်ဆွေးနွေးစေရမည် ဖြစ်သည်။

## ၅.၄။ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်မှုအတွက် အားပေးခြင်း

အခြေခံအဆောက်အဦများအား အဆင့်တိုးမြှင့်ကာ အခြေခံလိုအပ်မှုများဖြစ်သည့် ရေ၊ သန့်ရှင်းရေးစနစ်၊ လျှပ်စစ်၊ မိလ္လာစနစ်နှင့် အမှိုက်သိမ်းစနစ်များအား ပေးဝေခြင်းများသည် ဖယ်ရှားရှင်းလင်းခြင်းကို စောင့်ကာ ထို့နောက်မှ အသစ်တဖန် ဆောက်လုပ်ခြင်းများထက် ပို၍ သက်သာပါသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းသည် အထွေထွေကျန်းမာရေးနှင့် မြို့ပြသန့်ရှင်းရေးအတွက်ပါ ကောင်းမွန်လာမည်ဖြစ်ပြီး ကျူးကျော်နေထိုင်သူများပင် မဟုတ်ပဲ အခြားသော မြို့နေသူများလည်း အကျိုးရှိမည်ဖြစ်သည်။ နယူးယောက်မြို့တော်သည် ၁၉ ရာစုတွင် ရွှေ့ပြောင်းအခြေချသူများမရောက်မီကတည်းကပင် ထိုကဲ့သို့သော မဟာဗျူဟာတည်ဆောက်ရေးများနှင့် အခြေခံအဆောက်အဦများအတွက် ရေးဆွဲကြံဆခဲ့ကြသည်။ International Growth Center[37] အရ ထိုကဲ့သို့သော မူဝါဒသည် ပြန်လည်နေရာချထားခြင်းများထက် ပိုမိုသက်သာပါသည်။ ရွှေ့ပြောင်းအခြေချမှုများ မရောက်မီကတည်းက အခြေခံအဆောက်အဦတည်ဆောက်ရေးအတွက် ပြင်ဆင်ထားခြင်းများနှင့် ရှိနှင့်သောအခြေချမှုများအကြားတွင် တိုးတက်၊ ပြောင်းလဲ၊ အဆင့်မြှင့်တင်ပေးမှုများပြုလုပ်ပေးခြင်းများသည်

[37] Collier, P., Glaeser, E.,Venables, A., Blake, M., and Manwaring, P. (2019) “Policy options for informal settlements” Version 1. IGC Cities that Work Policy Framing Paper

ပြန်လည်နေရာ ချထားပေးခြင်းနှင့်ယှဉ်လျှင် အကုန်အကျလည်း ပိုမိုသက်သာကာ၊ ရေရှည်တည်တံ့သော မူဝါဒဖြစ်သည်။

## ၅.၅။ ပျောက်ဆုံးသောစာရွက်စာတမ်းများအား အသိအမှတ်ပြုပေးခြင်းနှင့် အထောက်အထား အသစ်များ ရရှိနိုင်ရန် အရှိန်မြှင့်ပေးခြင်း

အထွေထွေအုပ်ချုပ်ရေးဌာနအရာရှိများသည် အမျိုးသားမှတ်ပုံတင်မရှိသူများအား အလုပ်အကိုင်ရရှိနိုင်ရေး ထောက်ခံစာများထုတ်ပေးလျက်ရှိပါသည်။ သို့သော်လည်း ဤနည်းလမ်းသည် အလျဉ်းသင့်သလို ဆောင်ရွက်ကြခြင်းဖြစ်ပြီး ပုံသေလုပ်ထုံးလုပ်နည်း မရှိပါ။ အမျိုးသားမှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းပျောက်ဆုံးမှုများအတွက် ပြန်လည်လျှောက်ထားရရှိနိုင်ရေးများအား အရှိန်မြှင့်သင့်ပါသည်။ အုပ်ချုပ်ရေးမှူးများအတွက် ထောက်ခံစာရေးနည်းဆိုင်ရာ ပုံသေလုပ်ထုံးလုပ်နည်းများကို ထုတ်ပေးသင့်ပါသည်။ ယခုအသုံးပြုနေသည့် စက္ကူစာရွက်စာတမ်းများနှင့် စက္ကူလုပ်ထုံးလုပ်နည်းများအား ဒီဂျစ်တယ်အသွင်ပြောင်းခြင်းက တစ်နိုင်ငံလုံးတွင်ဖြစ်နေသော ဤပြဿနာအား ကူညီဖြေရှင်းနိုင်ပါလိမ့်မည်။ ၂၀၁၇ တွင် ရန်ကုန်တိုင်းဒေသကြီးမှ ကမကထပြုလုပ်သော ”စမတ်ကတ်” အစီအစဉ်က ကျူးကျော်နေထိုင်သူ ၆၀% ခန့်အား အသိအမှတ်ပြုစာရွက်စာတမ်းများ ထုတ်ပေးနိုင်ခဲ့ပါသည်[38]။ သို့သော်လည်း ဤအစီအစဉ်အား ရန်ပုံငွေမရရှိခြင်း၊ အကျိုးဖြစ်ထွန်းမှုနည်းခြင်းနှင့် ဝေဖန်မှုများကြောင့် ရပ်ဆိုင်းခဲ့ပါသည်။ ဤမူဝါဒ၏လမ်းကြောင်းအဖြစ် ’ရိုးသားသောမြို့ပြတွင်နေထိုင်သူ’ နှင့် ’အခွင့်အရေးသမားများ’အား ခွဲခြားပုံသည် တစ်သမတ်ဖြစ်ခြင်းမရှိ ကြောင်းကို တွေ့ရှိရသည်။ ဤအစီအစဉ်သည် နောင်တွင်ပြုလုပ်မည့် ကျူးကျော်နေထိုင်သူများအတွက် တရားဝင်အသိအမှတ်ပြုခြင်းနှင့် မှတ်ပုံတင်ခြင်းအစီအစဉ်အသစ်များအားအတွက် အကူအညီအထောက် အပံ့ဖြစ်နိုင်ပါသည်။ တရားဝင်စာရွက်စာတမ်းများက ကျူးကျော်နေထိုင်သူများအား စက်ရုံများတွင် အ လုပ်ဝင်နိုင်ရန် အကူအညီပေးပါလိမ့်မည်။ တရားဝင်အလုပ်ခန့်ထားမှုများဖြင့် လူမှုဖူလုံရေးခံစားခွင့်များလည်း ရရှိနိုင်မည်ဖြစ်သည်။

## ၅.၆။ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် ဒေသတွင်းလူမှုစီးပွားရေးများအား အားပေးထောက်ပံ့ပေးခြင်း

Green Lotus (NGO) က ကျူးကျော်နေထိုင်သူအသိုင်းအဝိုင်းများအား ပံ့ပိုးပေးရန်နှင့် အားသစ်လောင်းပေးရန် အလုပ်အကိုင်ဖန်တီးခြင်းနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးရေးအား ဦးတည်သော နည်းလမ်းအသစ်များအား စမ်းသပ်ခဲ့ပါသည်။ ဤနည်းဗျူဟာသည် ဒေသတွင်းအသိုင်းအဝိုင်းများထောက်ပြသော အဓိကကိစ္စရပ်များ

[38] Dr. Mu Mu Than*, Khin Mar Yee**, Kyi Lint**, May Myat Thu**, Marlar Han**, “The Emergence and Growth of Slums: The Case Study of East Yangon District, Myanmar” International Journal of Scientific and Research Publications, Volume 9, Issue 8, August 2019

အတွက် အဖြေရှာနိုင်ခဲ့ပါသည်။ အလုပ်အကိုင်နှင့် နေထိုင်မှုသည် ကျူးကျော်နေထိုင်မှုများအတွက် အဖြေရှာရာတွင် မျှော်လင့်ချက်နှင့် စိန်ခေါ်မှုများဖြစ်ပါသည်။

၂၀၁၆ တွင် E. Forbes က ကျူးကျော်နေထိုင်မှုများအတွင်းရှိစီးပွားရေးအား ၎င်းတို့၏ ကြံ့ကြံ့ခိုင်နိုင်သော မဟာဗျူဟာများနှင့် လွယ်ကူရိုးရှင်းပြီး၊ တရားဝင်မဟုတ်သော စီးပွားရေးအခွင့်အလမ်းများအား မီးမောင်းထိုးပြလျက် 'မြို့အတွင်းက မြို့' က ဖော်ပြခဲ့သည်။ ကျူးကျော်နေရပ်များရှိလမ်းတစ်လျှောက်တွင် ကုန်စုံဆိုင်မှအစ ငါးဆိုင်များအထိ ဆိုင်ငယ်ပေါင်းများစွာကို မြင်တွေ့ရမည်ဖြစ်သည်။ လမ်းမကြီးတစ်လျှောက်တွင်လည်း ကားတာယာဆိုင်များနှင့် ကားပြင်ဆိုင်များက ရန်ကုန်မြို့အဝင်၊ အထွက်ကုန်ကားများအား ပြုပြင်ပေးလျက်ရှိ သည်။ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမရှိခြင်းများက တရားဝင်စက်ရုံများတွင် အလုပ်လုပ်နိုင်ခြင်းမှ ဟန့်တားသဖြင့် အချို့သော စွန့်ဦးတီထွင်စီးပွားရေးသမားများက စက်ရုံအလုပ်သမားများ အလုပ်နားချိန်ကို မှန်းကာ ထမင်းဟင်းဆိုင်များ၊ မုန့်ဆိုင်ငယ်များ ဖွင့်လှစ်ရောင်းချကြသည်။ ကျူးကျော်နေထိုင်သူအ များအပြားသည် မြို့ပြမှ အမှိုက်များကောက်ကာ၊ ပြန်လည်အသုံးချခြင်းဖြင့် ဘဝအသစ်နှင့် တန်ဖိုးအ သစ်များပေးသော၊ စက်ဝိုင်းအပြည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျူးကျော်နေထိုင်မှုများ၏ အခြားသော မြို့အစိတ်အပိုင်းများသို့ သက်ရောက်မှုများအား လေ့လာသုံးသပ်သည့်အခါတွင် ဤလုပ်ငန်းများအား ပိုမိုလေ့လာကာ ထည့်သွင်းစဉ်းစားသင့်သည်။

သို့သော်လည်း အစိုးရ၏ အထောက်အပံ့နှင့် အသိအမှတ်ပြုမှုမရှိပါက ဤလုပ်ငန်းများမှ အခွန်များကောက်ခံနိုင်မည် မဟုတ်ပါ။ အလုပ်သမားများထံတွင် တရားဝင်စာရွက်စာတမ်းများရှိပါက ဤလုပ်ငန်းများအား မှတ်ပုံတင်ခြင်းဖြင့် အခွန်ငွေများပေးဆောင်စေခြင်းဖြင့် ကျူးကျော်နေရပ်များမှ လက်လုပ်လက်စား အလုပ်များဖြစ်သည့် အမှိုက်ကောက်ခြင်းများ၊ အမှိုက်လဲလှယ်လုပ်ငန်းများအား ပိုမိုအကူအညီပေး၊ ကာကွယ်ပေး နိုင်မည်ဖြစ်သည်။ ဤအခြင်းအရာသည် ကျူးကျော်နေထိုင်သူများသည် မြို့ပြအား မည်မျှအကျိုးပြု၍ နိုင်ငံတော်၏ အခွန်ပမာဏအား မည်မျှ မြှင့်တင်ပေးနိုင်မည်ကို မြင်သာစေပါသည်။ နေထိုင်မှုအခြေအနေများအား မြှင့်တင်ပေးခြင်းဖြင့် ဒေသတွင်းဝင်ငွေမြှင့်တင်နိုင်မည်ဖြစ်ပြီး၊ အခြေခံအဆောက်အဦအဆင့်မြှင့်တင်မှုများ နောက်က လိုက်ပါလာမည့် ကုန်ကျစရိတ်အသစ်များအား ဒေသခံများကျခံနိုင်စေရန် ဆောင်ရွက်မှုတွင် ရည်ရွယ်ချက်တစ်ခုအဖြစ် ပါဝင်သင့်ပါသည်။

## ၅.၇။ မြေများတရားဝင်ပြုပေးရန် စဉ်းစားခြင်း

International Growth Center သည် အခြားသောအဖွဲ့အစည်းများနည်းတူ ကျူးကျော်နေရာရှိ မြေယာများအား တရားဝင်ပြုမှုအား အားပေးလျက်ရှိသည်။ သို့သော်လည်း Green Lotus (NGO) အနေဖြင့် ဤလုပ်ရပ်အား ရှေ့တန်းတင်ရမည့်အရာဟု အကြံမပြုပါ။ ဤလမ်းစဉ်သည် ၂၀ ရာစုတွင် အိန္ဒိယတွင် ပြုလုပ်ခဲ့သော သမိုင်းဝင် မြေယာပိုင်ဆင်ခွင့်ပြင်ဆင်ခြင်းလမ်းစဉ်နောက်လိုက်ခြင်း ဖြစ်သည်။ မြေယာပိုင်ဆိုင်ခွင့်များ ပြုပြင်ပေးခြင်း များသည် ကျူးကျော်နေထိုင်မှုများအား ဖြစ်စေသော

အဓိကအရင်းအမြစ်ဖြစ်သည့် အိမ်ယာဈေးကွက်များ၏ ဆင်းရဲနွမ်းပါးသူများအတွက် အိမ်ယာပိုင်ဆိုင်နိုင်ရေး စွမ်းဆောင်၊ ကြံဆံနိုင်မှုမရှိခြင်းကို ဖြေရှင်းနိုင်ခြင်းမရှိပါ။ ဤကဲ့သို့ မြေပိုင်ဆိုင်မှုများ ပြင်ဆင်ပေးခြင်းနှင့် မြေပိုင်ဆိုင်ခွင့်များအား ကျူးကျော်နေထိုင်သူများ အားပေးလိုက်ခြင်းသည် မြို့ပြအိမ်ခြံမြေဈေးကွက်ကြီးများကို ဖိတ်ခေါ်ပေါင်းစည်းစေသကဲ့သို့ဖြစ်ကာ ငွေကြေး တတ်နိုင်သူများ၏ အနိုင်ပိုင်းဝယ်ထုတ်မှုအန္တရာယ်မှ ကာကွယ်နိုင်မည်မဟုတ်ပါ။ အလယ်အ လတ်တန်းစားများက ထိုမြေဈေးများ တက်စေလာမည်ဖြစ်ပြီး ကျူးကျော်နေထိုင်သူများအဖို့ နောက်ဆုံးတွင် မိမိတို့မြေများကို ထုတ်ရောင်းချလိုက်ရသည့် အနေအထားများအောက် ရောက်သွားမည်ဖြစ်သည်။ ဤမူဝါဒလမ်းစဉ်သည် နောက်ထပ်နေရာတစ်ခုကို ပြန်လည်အခြေချစေရန် အကြောင်းပြချက်ကောင်းတစ်ခုသာ တိုးစေမည်ဖြစ်ပြီး ကျူးကျော်နေထိုင်မှုများကို ဖြစ်စေသော မူလဇစ်မြစ်အကြောင်းအရာကို ဖြေရှင်းနိုင်မည် မဟုတ်ပါ။ အခြားသော နည်းလမ်းအနေဖြင့် စုပေါင်းမြေယာပိုင်ဆိုင်မှုပုံစံကို စဉ်းစားနိုင်ပေသည်။ သို့သော်လည်း ဈေးကွက်ယန္တရားမှ အနိုင်ပိုင်းဝယ်ထုတ်မှုများမဖြစ်စေရန် သတိပြုရမည်ဖြစ်ပြီး တစ်ဦးချင်း၏ အခွင့်အရေးအား စုပေါင်းမြေယာပိုင်ဆိုင်မှုမှ လေးစားကာကွယ်ပေးရမည်ဖြစ်သည်။ ဤအခြေအနေသည် မြေပိုင်ဆိုင်မှုစနစ် အသစ်တစ်ခု၏ အရေးပေါ်လိုအပ်မှုနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာအပြောင်းအလဲများကို စိန်ခေါ်နေပါသည်။ ရန်ကုန်နည်းပညာတက္ကသိုလ်တွင်[39] မြန်မာတက္ကသိုလ်များနှင့် သုတေသနပညာရှင်များ ကျင်းပခဲ့သော စုပေါင်းမြေယာပိုင်ဆိုင်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲအရ ဤလမ်းစဉ်အား ဆင့်ကဲအဖြေရှာခြင်းက အားလုံးကို အကျိုးပြုမည်ဖြစ်သည်။

## ၅.၈။ လူမှုပုံစံကွဲပြားကွာခြားခြင်း၏ အရေးကြီးမှုအား အသိအမှတ်ပြုရန်

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်းများ စဉ်းစားသောအခါ ရှိနှင့်သောကျူးကျော်နေရာများအား ထည့်သွင်း စဉ်းစားသင့်ပါသည်။ စီမံကိန်းအားဆောင်ရွက်နေစဉ်ဖြစ်လျှင် နဂိုနေထိုင်သူများအား အထိအခိုက်လျှော့ချ နိုင်ရန်နှင့် နှင်ထုတ်ခံရသူများနှင့် ရွှေ့ပြောင်းရသူများအား စာရွက်စာတမ်းများ ကင်းမဲ့စေကာမူ အလျော်ပေးမှုများ ဖြစ်လုပ်သင့်သည်။

စရိတ်နည်းအိမ်ယာများဖော်ဆောင်သောအခါ ယခုလက်ရှိ ကျူးကျော်နေထိုင်သူများ တတ်နိုင်မည့်အိမ်ယာများ ဖော်ဆောင်နိုင်ရန် လေ့လာမှုများ ပြုလုပ်သင့်သည်။ နိုင်ငံတကာအလှူရှင်များနှင့် အေဂျင်စီများဖြစ်သည့် JICA နှင့် ကိုးရီးယားဘဏ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအား စရိတ်နည်းအိမ်ယာများဖော်ဆောင်ရေးအတွက် ချဉ်းကပ်ကြသော်လည်း ထိုစရိတ်နည်းအိမ်ယာများသည် တစ်လလျှင် ဝင်ငွေ ၃ သိန်းမှ ၁၀ သိန်း ရှိ အိမ်ထောင်များအား ဦးတည်နေရာ လက်ရှိကျူးကျော်နေထိုင်သူများ လက်လှမ်းမမှီနိုင်သည့် အနေအထားဖြစ်သည်။[40] ၂၀၁၁ တွင် အိုးအိမ်ဌာနမှ ဒဂုံဆိပ်ကမ်းတွင် စရိတ်သက်သာအိုးအိမ် ၁၆၀၀၀ တည်ဆောက်ရန် (ကျန် ၇၅၀၀၀ အိမ်ခန်းများအား ပုဂ္ဂလိကကုမ္ပဏီများမှဆောက်လုပ်၊ စီမံမည်ဖြစ်ပြီး

[39] International Seminar hosted at YTU in November 2019 organized by Ms Valerie Clerc from the Development Research Institute (IRD).
[40] HEIN KO SOE, 2017 September “For Yangon’s squatters, a better lie still out of reach”. Frontier Myanmar.

ငွေကြေးတတ်နိုင်သော ဝယ်ယူသူများကို ဦးတည်သည်) အစီအစဉ်ဆွဲခဲ့သည်။ ထိုအိမ်ခန်းများဆောက်ရန် ကုန်ကျစရိတ်မှာ ကျပ် ၈ သန်းမှ သိန်း ၁၀၀ အထိ ဖြစ်ပြီး ဝင်ငွေတစ်လလျှင် တစ်သိန်းမှ သုံးသိန်းအထိ ရှိသူများအား ဦးတည်လျက်ရှိသည်။ သို့သော် အကြွေးရရှိနိုင်ရန် ကန့်သတ်မှုများနှင့် ဈေးကြီးခြင်းများက ကျူးကျော်နေထိုင်သူများနှင့် ထို'စရိတ်သက်သာသောအိမ်ယာများ' အကြား အလှမ်းဝေးနေပါသေးသည်။ ဒဂုံဆိပ်ကမ်းတွင် ၂၀၁၄က ပြုလုပ်ခဲ့သော လေ့လာမှုအရ အိုးအိမ်ဌာနမှ စရိတ်သက်သာ အိမ်ယာဖော်ဆောင်ရန်အတွက် ဖယ်ရှားခြင်းဆိုင်ရာထုတ်ပြန်ကြေညာမှုများပြုလုပ်ခဲ့သော်လည်း "စိတ်မကောင်းစရာပင် အင်တာဗျူးမေးမြန်းခဲ့သော အိမ်ထောင်တစ်စုမျှပင် ထိုစရိတ်သက်သာအိမ်ယာများအား ဝယ်ယူရန် မတတ်နိုင်ပါ။"[41]

ကျူးကျော်နေရာများအား အဆင့်မြှင့်တင်မှုများက အခြားအခွင့်အရေးများအား ပိုမိုသက်သာသော အနေအထားဖြင့် ဖွင့်ပေးနိုင်မည်ဖြစ်သည်။ "ကျူးကျော်နေရာများအဆင့်မြှင့်တင်ခြင်းများတွင် 'စီးပွားရေးဖြစ်နိုင်ချေမဟုတ်ဘဲ နိုင်ငံရေးဂတိကဝတ်များသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်"' UN-Habitat က သုံးသပ်သည်။

## ၅.၉။ မီဒီယာများအနေဖြင့် - မလုံခြုံမှုအား အာရုံစိုက်ခြင်းမှ ပြောင်းလဲရန်

"ကျူးကျော်နေထိုင်သူများတွင် တရားဝင်အခွင့်အရေးများ မရှိပါ။ ထိုအစား သူတို့သည် ဒုစရိုက်သားများအသွင် အမြင်ခံရလေသည်။" M. Kyed 2017

ကျူးကျော်နေရပ်များသည် မကြာခဏဆိုသလိုပင် မလုံခြုံသောပတ်ဝန်းကျင်၊ ဒုစရိုက်ပေါများသောနေရာများဟု အမြင်ခံရရုံမက ဒေါ်လာသန်းပေါင်းများစွာတန်သောအိမ်ယာစီမံကိန်းများအား ဆန့်ကျင်ခြင်းများကြောင့် မြို့တော်၏စီးပွားရေးအား နှောင့်နှေးသူများအနေဖြင့်ပါ အမြင်ခံရလေသည်။

"စရိတ်သက်သာသောအိမ်ယာများတည်ဆောက်ရန်စီမံကိန်းများတင်ပြမှုများရှိစေကာမူ YCDC နှင့် ရန်ကုန်တိုင်းဒေသကြီး၏ ကျူးကျော်နေထိုင်သူများအပေါ် အဓိကအမြင်သည် ကျူးကျော်နေထိုင်သူများသည် သည်းမခံနိုင်စရာလူများဖြစ်ကြောင်းနှင့် သူတို့ထဲက အများစုသည် လူဆိုးဂိုဏ်းများ၊ သို့မဟုတ် ကျူးကျော်ထားသောမြေများအား ငှားရမ်းခြင်း၊ ရောင်းဝယ်ခြင်းများပြုကာ စီးပွားဖြစ်လုပ်လည်ကျူး ကျော်နေထိုင်သူများဟုသာ မြင်ကြသည်။ ထို့ကြောင့် ကျူးကျော်နေထိုင်သူများသည် အကူအညီ၊ အထောက်အပံ့ လိုအပ်သောသူများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောယန္တရားများဖြစ်သည့် အလုပ်သမားထု၊ စားသုံးသူထုဟု အမြင်မခံရပေ။" M. Kyed 2017

သို့သော်လည်း ကျူးကျော်နေရပ်များသည် လူဦးရေထူထပ်အသိပ်သည်းဆုံးနေရာများဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။ လှိုင်သာယာတစ်မြို့ထဲတွင်ပင် ကျူးကျော်နေထိုင်သူစုစုပေါင်း၏ ၄၀% ခန့်ရှိမည်ဟု ခန့်မှန်းရပြီး

[41] Eden FORBES 2014, On the Frontier of Urbanization: Informal Settlements in Yangon, *Journal of Burmese Scholarship*

လူဦးရေ (၇) သိန်းကျော်ခန့်ရှိရာ ချင်းပြည်နယ်နှင့် ကယားပြည်နယ်၏ နှစ်ပြည်နယ်လူဦးရေစုစုပေါင်းထက်ပင် များနေသေးသည်။ ရန်ကုန်မြို့၏ လူဦးရေ ၇% ကို မြေအကျယ် ၁.၂% သာရှိသော ကျူးကျော်နေရာများတွင် တွေ့နိုင်သည်။[42] ဤအခြင်းအရာနှင့် စပ်လျဉ်း၍ လူဦးရေနှင့် မြေနေရာအချိုးအတွက် အလွန်ပင်ကောင်းမွန်သော အဖြေများကို ပေးနိုင်မည်ဖြစ်သည်။ (သို့သော်လည်း Covid-19 ကပ်ရောဂါအခြေအနေက လူဦးရေ သိပ်သည်းလွန်းခြင်း၏ အားနည်းချက်ကို မီးမောင်းထိုးပြခဲ့သည်။) ဆင်းရဲခြင်း၊ လူဦးရေသိပ်သည်းလွန်ခြင်းနှင့် လမ်းမီးများမရှိခြင်းနှင့် ရဲကင်းစောင့်မှုအခြေအနေများသည် ဤဝန်းကျင်များ၏ လုံခြုံရေးကို ခြိမ်းခြောက်နေ ပါသည်။ ကျူးကျော်နေရာများသည် အခြားနေရာများထက် အန္တရာယ်ပိုများသည်မဟုတ်ဘဲ နိုင်ငံတော်၏ အကာအကွယ်မရကြဘဲ စွန့်ပစ်ခြင်းကို ခံနေရခြင်းသာ ဖြစ်ပါသည်။

ပြည်တွင်းရွှေ့ပြောင်းသူတစ်ယောက်က တစ်နှစ်လျှင် ဒေါ်လာ ၁၆၅ ဒေါ်လာခန့် ငွေလွှဲခြင်းများ ပြုလုပ်ပါသည်။[43] ဤအခြင်းအရာက မြို့ပြမှ ကျေးလက်ဒေသများသို့ ဝင်ငွေပြန်လည်ဝေမျှခြင်းဖြစ်ရာ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍအ ခက်အခဲများလျှော့ချပေးရာတွင် ယင်းတို့၏ ပါဝင်ကူညီမှုကို ထောက်ပြနေပါသည်။ ကျူးကျော်နေထိုင်သူများအ ပါအဝင် မြို့ပြသို့ရွှေ့ပြောင်းသူများသည် နိုင်ငံတစ်ဝှမ်းတွင် လူမှုဘဝ၊ သာတူညီမျှ မှုရှိခြင်းကို သေချာစေမည့် အဓိကသော့ချက်များဖြစ်လေသည်။

## ၆။ အနှစ်ချုပ်

သဘာဝဘေးအန္တရာယ်များ၊ စိုက်ပျိုးရေးဆုံးရှုံးမှုများ၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏အကျိုးဆက်များနှင့် ဆင်းရဲမွဲတေမှုများကြောင့် မိမိတို့နေရပ်များကိုစွန့်ကာ မြို့ပေါ်သို့ ပြောင်းရွှေ့အခြေချကြသူများသည် တရားခံများ မဟုတ်ဘဲ အခြေအနေကတွန်းပို့ခံရသူများ ဖြစ်ပါသည်။ ယင်းတို့သည် မြို့ပေါ်တွင် ပိုမိုကောင်းမွန်သော ဘဝအခြေအနေများကို ရှာဖွေနေကြခြင်းဖြစ်ပါသည်။ မြို့ပြများမှ ယင်းတို့တတ်နိုင်လောက်သော စရိတ်နည်းတရားဝင်အိမ်ယာများဖြင့် မကြိုဆိုနိုင်သောအခါ ကျူးကျော်အခြေချနေထိုင်ခြင်းသည် တစ်ခု တည်းသော ရွေးချယ်စရာအဖြေ ဖြစ်လာပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် မြို့ပြအတွက် အလုပ်သမား အင်အားစု၊ ကျွမ်းကျင်မှုအသစ်များနှင့် ဈေးကွက်အသစ်များအား ပေးစွမ်းခြင်းဖြင့် မြန်မာနိုင်ငံတိုးတက်ရေးတွင် ယင်းတို့သည် ထုတ်ကုန်လည်းဖြစ်၊ အဖြေလည်းဖြစ်ကြလေသည်။ ထို့ကြောင့် ကျူးကျော်နေရပ်များတွင် အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦများ ဖြည့်စွမ်းခြင်းသည် မြို့ပြနေဆင်းရဲသူများအား နိုင်ငံသားများအဖြစ် အသိအမှတ်ပြုခြင်းဖြစ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှုလည်း ဖြစ်သည်။

---

[42] UN Habitat 2019 “*A comprehensive mapping exercise conducted by the UN-Habitat in 2016 identified a total of 423 informal settlements in Yangon, […]. The settlements are spread over more than 1,800 acres, or approximately 1.23 percent of Yangon’s total land area, and house an estimated 365,000 people, or between 6-8 percent of the city’s total population.” UN Habitat 2019*

[43] Su-Ann Oh; 2019.

ကျူးကျော်နေရပ်များရှိနေခြင်းသည် အာဏာပိုင်များအတွက် ရှက်စရာကိစ္စတစ်ခုမဟုတ်ပါ။ ကမ္ဘာ့တောင်ပိုင်း၊ မြောက်ပိုင်း၊ ချမ်းသာ၊ ဆင်းရဲမရွေး မြို့ပြတိုင်းတွင် ကြုံတွေ့နေရသော အမှန်တရားတစ်ခုဖြစ်ပါသည်။ ကျူးကျော်နေထိုင်ခြင်းသည် မြန်ဆန်လွန်းသော မြို့ပြအသွင်ပြောင်းခြင်းများ၏ အဖြေတစ်ခုဖြစ်ပြီး ရွှေ့ပြောင်းခြင်းများက စီးပွားရေးတိုးတက်မှုနောက်ကို ကပ်လိုက်နေပါသည်။ ဒီမိုကရေစီသက်နုလျက်ရှိသော မြန်မာနိုင်ငံသည် ရွှေ့ပြောင်းအခြေချခြင်းနှင့် ကျူးကျော်နေထိုင်ခြင်းတို့အတွက် ကမ္ဘာလုံးဆိုင်ရာအဖြေရှာ၊ ကြိုးပမ်းမှုများတွင် ဦးဆောင်ရန် အလားအလာကောင်းများရှိနေပါသည်။ ကျူးကျော်နေထိုင်သူများ မဲပေးခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံက အာမခံချက်ပေးထားပြီး ဖြစ်ပါသည်။ လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ကောင်းမွန်သောမြို့ပြအနာဂါတ်တစ်ခုအား အတူတကွ တည်ဆောက်ကြရန် ဤကိစ္စများကို ဆင်ခြင်သုံးသပ်သင့်ပါသည်။

မှတ်ချက်များပေးကာ ကူညီပေးခဲ့ကြသောသူများဖြစ်သည့် *Vishnu Prasad, Oddy Angelo Barrios from UN-Habitat Myanmar,* နှင့် *the dedicated team at the French Development Agency: Benjamin Rapp, Clement Larrue, Marie-Cecile Thirion* တို့အား ကျေးဇူးအထူးတင်လျက်။

## ကိုးကားချက်များ

Collier, P., Glaeser, E.,Venables, A., Blake, M., and Manwaring, P. (2019) “Policy options for informal settlements” Version 1. IGC Cities that Work .Policy Framing Paper.

E. Forbes, 2014, On the Frontier of Urbanization, *Journal of Burmese Scholarship.* .https://journalofburmesescholarship.org/issues/v1n1/9b-Forbes-en-ill-r2saveas.pdf

E. Forbes, 2016, On the Frontier of Urbanization: Informal Settlements in Yangon, *Journal of Burmese Scholarship.* https://journalofburmesescholarship.org/issues/v1n1/9b-Forbes-en-ill-r2saveas.pdf

Eben Forbes « Migration, Informal Settlement, and Government Response: The Cases of Four Townships in Yangon, Myanmar », *Moussons*, 33 | 2019, 95-117.

GEOFFREY GODDARD& MRATT KYAW THU, 2015 September "In Yangon's outskirts, life at the margins". Frontier Myanmar.

HEIN KO SOE, 2017 September "For Yangon's squatters, a better lie still out of reach". Frontier Myanmar.

HEIN KO SOE, 2016 April "The lost dream of affordable housing" Frontier Myanmar

Kyed, Helene Maria (2017) : Migration and security challenges in Yangon's informal settlements: The case of Hlaing Thayar township, DIIS Report, No. 2017:09, ISBN 978-87-7605-889-0, Danish Institute for International Studies (DIIS), Copenhagen

Kyed, Helene Maria. "Informal Settlements and Migrant Challenges in Yangon". Moussons 33, 2019: 65-94.

Maaike Matelski et Marion Sabrié, « Challenges and Resilience in Myanmar's Urbanization: A Special Issue on Yangon », *Moussons*, 33 | 2019, 11-31

Ministry of Construction, Department of Urban and Housing Development, 5/08/2019, *National Housing Policy and Plan.* Yangon.

Mekong Migration Network, 2013 "Climate Change and Migration : Exploring the Impacts of Climate Change on People's Livelihoods and Migration in the Greater Mekong Sub-region (GMS)" available online at http://www.mekongmigration.org/CC-M%20Report%20Final.pdf

Dr. Mu Mu Than*, Khin Mar Yee**, Kyi Lint**, May Myat Thu**, Marlar Han**, "The Emergence and Growth of Slums: The Case Study of East Yangon District, Myanmar" International Journal of Scientific and Research Publications, Volume 9, Issue 8, August 2019

Myo Min (2020) The Socio Economic Struggles of Cyclone Nargis's Migrant in Yangon, Tea Circle Oxford.

Myanmar Central Statistical Organization, World Bank Group, UNDP. Myanmar Living Conditions Survey 2017. February 2020. Socio-Economic Report n°4.

Vishnu PRASAD, The Case for Upgrading Informal Settlements : evidence and success from Indonesia. UN-Habitat, 2019.

Proximity Design and Studio K, 2019. *When it rains, it pours*.

SABRIÉ, Marion, 2019, "Yangon 'Emerging Metropolis': Challenges for the Authorities and Resilience of the Yangonites", *Moussons*, 33: 33-64.

SiuSue Mark (2016) Are the Odds of Justice "Stacked" Against Them? Challenges and Opportunities for Securing Land Claims by Smallholder Farmers in Myanmar, Critical Asian Studies, 48:3, 443-460, DOI: 10.1080/14672715.2016.1196888

Su-Ann Oh, *Internal Migration in Myanmar: Patterns, Benefits, and Challenges*. Yusof Ishak Institute ISEAS (Singapour),Issue 98, 2019

UN-Habitat, "Slums and Informal Settlements in Yangon – A Way Forward" August 2019 workshop in Yangon.

UN-Habitat. (2017). *The Republic of the Union of Myanmar: National Housing Policy & Strategy.*
UN-Habitat. (2018). *The Republic of the Union of Myanmar: National Housing Policy White Paper.*

UN-Habitat and Cities Alliance. (2017). *Mapping Yangon: the Untapped Communities, Phase One Report*

WIN ZAR NI AUNG 2019 January “Dagon Seikkan’s housing blues” Frontier Myanmar

World Bank. 2019. Myanmar's Urbanization: Creating Opportunities for All - Executive Summary (English). Washington, D.C. : World Bank Group.